ကာလေန ဓမ္မသာကစ္ဆာ ဧတံ မင်္ဂလ မုတ္တမံ၊ သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်၊ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာ ၁၂ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၁)၊ အမှတ် (၃၄၅)

အမှတ်တရ လက်ဆောင် ပေးအပ်

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် **General Somdhat Attanand** အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်း ဓာတ်ပုံအယ်လ်ဘမ်နှင့် ဗီဒီယိုတိပ်ခွေတို့ကို အမှတ်တရလက်ဆောင် ပေးအပ်စဉ်။

(သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့်ဇနီးနှင့်အဖွဲ့အား ပို့ဆောင်နှုတ်ဆက်

ရန်ကုန် စက်တင်ဘာ ၁၁

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့သည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ပြီး ပြန်လည်ထွက်ခွာမည့် ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General Somdhat Attanand နှင့် ဇနီး Madame Khunying Suppanapa Attanand နှင့် အဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ✻

ပို့ဆောင် နှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand နှင့် ဇနီးတို့အား ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း ခေါင်းကြီး သတင်း၊ ဆောင်းပါး အညွှန်း

"ရဲတံခွန်ရေနံနှင့် သဘာဝဓာတ်ငွေ့မြေမှ နေ့စဉ်သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၅၀၀အထိတိုးမြှင့် ထုတ်လုပ်ပေးနိုင်ပြီး တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၄၀၀ ထိုင်းနိုင်ငံသို့ တိုးမြှင့်ရောင်းချနိုင်တော့မည်။" **ခေါင်းကြီး (စာ-၂)**

"မြန်မာတို့၏ မည်သည့်အိမ်နီးချင်း၊ မည်သည့်အရှေ့တောင်အာရှ နိုင်ငံကမျှ မြန်မာနိုင်ငံအား ပိတ်ပင်ခြင်းကိုလက်မခံကြပေ။"
"မြန်မာအစိုးရကိုအထီးကျန်စေခြင်းသည် နည်းမှန်လမ်းမှန်မဟုတ်ပါ" **ဆောင်းပါး (စာ-၃)**

"အဆို၊အက၊အရေး၊အတီးကဏ္ဍစုံတွင် ငယ်ရွယ်နုနယ်သည့် မျိုးဆက်သစ်အနုပညာရှင်ကလေးများက ဝါရင့်အနုပညာရှင်ကြီးများသဖွယ် အနုပညာအစွမ်း ပြသယှဉ်ပြိုင်ကြခြင်းမှာလည်း ပြိုင်ပွဲ၏အရည်အသွေးတိုးတက်မြင့်မားလာမှုများကိုဖော်ညွှန်းလျက်ရှိပေသည်။" **မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၏ ဆောင်းပါး (စာ-၁၀)**

"စက်တင်ဘာ ၁၀ရက်အထိ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၈ဦးရှိပြီ။" **နိုင်ငံတကာသတင်း (စာ-၄)**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ အာဘော်

(၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်)

နိုင်ငံအတွက်အကျိုးဖြစ်ထွန်းမည့် သဘာဝဓာတ်ငွေ့များ ရှာဖွေဖော်ထုတ် ပြည်တွင်းလိုအပ်ချက်များသာမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရေ၊မြေ သဘာဝ သယံဇာတများ ပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်။ နိုင်ငံအတွင်း မြောက်မြားစွာရှိသည့် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သဘာဝ သယံဇာတများစွာအနက် သဘာဝစွမ်းအင် သယံဇာတဖြစ်သည့် သဘာဝဓာတ်ငွေ့များသည် ကုန်းတွင်း ပိုင်း၌သာမက ကမ်းလွန်ပင်လယ်ပြင်တွင်လည်း အမြောက်အမြားထွက်ရှိသည်။

အမြောက်အမြားထွက်ရှိသော သဘာဝဓာတ်ငွေ့များကို ထိရောက်စွာအသုံးပြု၍ နိုင်ငံတော်က ပြည်တွင်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း၊ ပိုလျှံသည်များကို ပြည်ပသို့တင်ပို့ရောင်းချခြင်းများ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ရေနံနှင့်သဘာဝဓာတ်ငွေ့များကို နိုင်ငံတော်က ရှာဖွေဖော်ထုတ်လုပ်ကိုင်ရာ၌ ကိုယ်ပိုင်အရင်းအနှီး၊ ကိုယ်ပိုင်အတတ်ပညာများဖြင့် တိုးချဲ့ရှာဖွေ ဖော်ထုတ်ခြင်းများ ရှိသကဲ့သို့ ပြည်ပကုမ္ပဏီများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများလည်း ရှိခဲ့သည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့များကို ရှာဖွေထုတ်လုပ်ရာတွင် ကုန်းတွင်းပိုင်းလုပ်ကွက်များ အဖြစ်လည်းကောင်း၊ မုတ္တမကမ်းလွန် ပင်လယ်ပြင်၊ တနင်္သာရီကမ်းလွန်ပင်လယ်ပြင်နှင့် ရခိုင်ကမ်းလွန် ပင်လယ်ပြင်စသည့် ကမ်းလွန်ပင်လယ်ပြင် လုပ်ကွက်များအဖြစ်လည်းကောင်း ခွဲခြမ်းသတ်မှတ်၍ ကြိုးပမ်းရှာဖွေ ထုတ်လုပ်လျက်ရှိသည်။

ထိုသို့ ရှာဖွေဖော်ထုတ်လုပ်ကိုင်ရာတွင် မကြာသေးမီကာလက ပမာဏကြီးမားသည့် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်မှုအဖြစ် ရခိုင်ကမ်းလွန်ပင်လယ်ပြင်၌ လုပ်ကွက်အမှတ် A_1 နှင့် လုပ်ကွက်အမှတ် A_3 တွင် သဘာဝဓာတ်ငွေ့များ အောင်မြင်စွာထွက်ရှိခဲ့သည်။ ယခုတစ်ဖန် တနင်္သာရီကမ်းလွန် ပင်လယ်ပြင်ရှိ ရဲတံခွန် ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းမှ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့များ အောင်မြင်စွာ ထပ်မံတူးဖော်ထုတ်လုပ်နိုင်ခဲ့သည့် သတင်းကောင်းများကို ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ ကြားသိခဲ့ရသည်။

တစ်ဆက်တည်းတွင် ထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကို ထိုင်းနိုင်ငံသို့တိုးမြှင့်ရောင်းချရန်နှင့် သဘာဝဓာတ်ငွေ့နှင့်အတူ ထွက်ရှိလာမည့် ရေနံစိမ်းအပေါ့စားများကို သန့်လျှင်ရေနံချက် စက်ရုံသို့ သယ်ယူချက်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း ကြားသိရပြန်သည်။

ရဲတံခွန် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့မြေကို ၁၉၉၂ ခုနှစ် နိုဝင်ဘာလတွင် ရဲတံခွန်အစမ်း တွင်း အမှတ်(၁)၌ စတင်တွေ့ရှိခဲ့ပြီး ထုတ်လုပ်ရေးတွင်း ၁၂ တွင်းကို ဆက်လက်တူးဖော်ခဲ့သည်။ ထပ်မံတူးဖော်သော တွင်းသစ်များမှ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ ၁၄၅ သန်းထွက်ရှိကြောင်း သိရှိရသည်။

သဘာဝဓာတ်ငွေ့များကို ထိုင်းနိုင်ငံမှ ပိုမိုတိုးတက်ဝယ်ယူလိုမှုအရ ရဲတံခွန် ရေနံနှင့်သဘာဝ ဓာတ်ငွေ့ စီမံကိန်းတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့များကို အစွမ်းကုန် ကြိုးပမ်းတူးဖော်ခဲ့ရာ ၂၀၀၄ ခုနှစ် ဩဂုတ်လကုန်၌ အောင်မြင်စွာ တူးဖော်ထုတ်လုပ်နိုင်ခဲ့သည်။ ဓာတ်ငွေ့မြေမှ စုစုပေါင်း နေ့စဉ် သဘာဝဓာတ်ငွေ့ ကုဗပေ သန်း ၅၀၀ အထိ တိုးမြှင့်ထုတ်လုပ်ပေးနိုင်ပြီး တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၄၀၀ အထိ ထိုင်းနိုင်ငံသို့ မကြာမီ တိုးမြှင့်ရောင်းချနိုင်တော့မည်ဖြစ်ကြောင်း သတင်းကောင်း ကြားသိရသည်။

သို့ဖြစ်ရာ နိုင်ငံအတွက် အကျိုးကျေးဇူးဖြစ်ထွန်းမည့် ရေနံနှင့်သဘာဝဓာတ်ငွေ့များ အောင်မြင်စွာ ထုတ်လုပ်ရရှိမှု သတင်းကောင်းများသည် ပြည်တွင်းသုံးစွဲမှု လိုအပ်ချက်ကို လိုသလောက်ဖြည့်ဆည်းပေး နိုင်ပြီး ပိုလျှံသည်များကို ပြည်ပသို့တင်ပို့ရောင်းချနိုင်သည့် နိုင်ငံခြားဝင်ငွေများ တိုးတက်ရရှိမည့် စီမံကိန်းများပင်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၂-၉-၂၀၀၄
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"သမ္မာဒိဋ္ဌိငါးမျိုး"**

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် **ဓာတုကသင်ခန်းစာ** (အရှေ့တိုင်းပညာ-ဒုတိယနှစ်)
၄:၃၀ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၁။ မြန်မာ့ရှုခင်း
၆:၄၀ ၁၂။ လျှပ်တစ်ပြက်
၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်ရည်မိုး"** (အပိုင်း-၂၅)
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၆။ လျှပ်တစ်ပြက်
၁၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၁၈။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၉။ English Premier League ဘောလုံးပွဲ Tottenham Vs Norwich City

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူ ကျင့်သုံးလိုက်နာသွားမည်။
(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။
(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။
(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။
(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။
(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား

ဟောင်ကောင်အသံလွှင့်ဘက်ဆိုင်ရာလီမိတက်မှ မန်နေဂျင်းဒါရိုက်တာနှင့်အဖွဲ့ တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၁၁

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ရန်ကုန်မြို့တွင်ရောက်ရှိနေသော ဟောင်ကောင် အခြေစိုက် Broadcast Technology Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr. Lamsai Cheong နှင့်အဖွဲ့သည် ယမန်နေ့ညနေ ၃ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက် တွေ့ဆုံသည်။ (အပေါ်ပုံ)

ထိုသို့ တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင် ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုပ်မြင်သံကြားနှင့် အသံလွှင့်ဆိုင်ရာ ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

မြန်မာအစိုးရကို အထီးကျန်စေခြင်းသည် နည်းမှန် လမ်းမှန်မဟုတ်ပါ

(၂၀၀၄ခုနှစ် ဇန်နဝါရီ ၂၈ရက်နေ့ထုတ် **International Herald Tribune** သတင်းစာပါ **David I. Steinberg** ၏ **Isolating the regime in Myanmar is not the answer** ဆောင်းပါးမှ ကောက်နုတ်၍ မြန်မာဘာသာသို့ ပြန်ဆိုဖော်ပြခြင်းဖြစ်ပါသည်။)

အမေရိကန်အထက်လွှတ်တော်အမတ် မစ်ချ်မက်ကောနဲနှင့် ဘိုနိုတို့၏ ဇန်နဝါရီ ၁၉ရက်နေ့က ဖော်ပြခဲ့သော ထင်မြင်ချက်ဆောင်းပါးမှာ အဓိက အချက်တွင် တလွဲတချော်ဖြစ်နေပေသည်။ အကျယ်ချုပ်ခံနေရသော ဒေါ်စုကြည်ကို မြန်မာအစိုးရက လွှတ်ပေးသည်ကို ကမ္ဘာ့ပြည်သူ အများစုတို့က မြင်တွေ့လိုပေလိမ့်မည်။ မြန်မာနိုင်ငံအတွင်း နိုင်ငံရေးလုပ်ငန်းစဉ်နှင့် အချို့သော ဒီမိုကရေစီ အသွင်ပြောင်းရေးတွင် ပါဝင်ပတ်သက်နေသူ အကျဉ်းသားများ လွတ်မြောက် ရေးကို အလိုရှိကြပါလိမ့်မည်။

သို့သော်လည်း ဆွေးနွေးရမည့်အဓိကအကြောင်းခြင်းရာမှာ ဖော်ပြပါ အချက်များမဟုတ်ဘဲ အဓိကရည်မှန်းချက် အောင်မြင်ရေးအတွက် အကောင်းဆုံးသော နည်းလမ်းကို ရှာဖွေရေးပင်ဖြစ်သည်။ ခြွင်းချက်မရှိအရှုံးပေး၍ နေရာမှ ဖယ်ရှားပေးရန် တပ်မတော်အစိုးရကို အမေရိကန်က တောင်းဆိုပြီး ယင်းနောက်မှ မိမိတို့နှင့် ဆွေးနွေးမည်ဟုဆိုထားသည်။ ဤသည်မှာ စစ်ပွဲကာလအတွင်း၌ ပင်လျှင် ကျင့်သုံးရန်ခက်ခဲသော မေးခွန်းထုတ်ရမည့် နည်းလမ်းတစ်ခု ဖြစ်နေပေသည်။ ယင်းကို နိုင်ငံရေးနှင့် သံတမန်ရေး မဟာဗျူဟာတစ်ရပ်အဖြစ် သုံးစွဲမည်ဆိုလျှင် ယင်းမှာ ပျက်စီးကိန်းကြုံရမည့်ကိစ္စသာဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ရပ်ဆိုင်းသွားသည်ကို မက်ကောနဲနှင့် ဘိုနိုတို့က မြင်တွေ့လိုသည့် ဆန္ဒရှိနေကြသည်။ အမေရိကန်က နိုင်ငံတကာရှိ မြန်မာတို့၏ ရပိုင်ခွင့်များ ထုတ်ယူခွင့်ကိုထိန်းချုပ်မှု ပြုလိုက်ခြင်းက အချို့ကို အားရကျေနပ်ဖွယ်ဖြစ်ကောင်း ဖြစ်စေနိုင်သော်လည်း ယင်းမှာ နိုင်ငံခြားရေးမူဝါဒတစ်ရပ်ကို အခြေခံထားလောက်သည့် ယုတ္တိတန်သော အကြောင်း တစ်ရပ် မဟုတ်ပေ။

မက်ကောနဲနှင့် ဘိုနိုတို့ တင်ပြအကြံပြုသည့် ချဉ်းကပ်မှုတွင် အဓိက အားနည်းချက်သုံးခုရှိနေသည်။ **ပထမအားနည်းချက်မှာ–** မြန်မာအစိုးရအား တိုက်ရိုက်ထိပ်တိုက်ရင်ဆိုင်မှုနှင့် သိက္ခာချမှုတို့ကြောင့် အခြားမည်သည့်နိုင်ငံ၌ မဆို ရင်ဆိုင်ခဲ့ရစမြဲဖြစ်သည့် အမျိုးသားရေးစိတ်ဓာတ် ပြင်းထန်သော တုံ့ပြန်မှုကိုသာ မလွဲမသွေ ဦးတည်စေနိုင်သည်ဆိုသော အချက်ဖြစ်သည်။ ထိုသို့သော ဖိအားပေးတိုက်ခိုက်မှုများနှင့် ကြုံတွေ့ရသည့် နိုင်ငံများကဲ့သို့ပင် မြန်မာ့တပ်မတော်အစိုးရသည် အမေရိကန်ကို မလွဲမသွေ ရင်ဆိုင်ရဲပေတော့မည်။ ယင်းသို့ဖြင့် အပေးအယူညှိနှိုင်းမှုသည် လွယ်မလာဘဲ ပိုမို၍ပင်ခက်ခဲသွားစေမည် ဖြစ်သည်။

ဒုတိယအားနည်းချက်မှာ– ပိတ်ပင်မှုများက အစိုးရကို ထိခိုက်ကောင်း ထိခိုက်ပေလိမ့်မည်။ သို့သော် ပိတ်ပင်မှုကြောင့် အစိုးရလုပ်ငန်းလည်ပတ်မှု ပျက်စီးသွားမည်တော့မဟုတ်ပေ။ မြန်မာနိုင်ငံသည် အခြေခံအားဖြင့် လျှောက်လှမ်းရမည့် ကိုယ်ပိုင်လမ်းတစ်လျှောက်တွင် တရွေ့ရွေ့ ခက်ခက်ခဲခဲ လျှောက်လှမ်းနိုင်စွမ်းရှိသည့်အကြိုစက်မှုနိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာတို့၏ မည်သည့် အိမ်နီးချင်း၊ မည်သည့် အရှေ့တောင်အာရှနိုင်ငံကမျှ မြန်မာနိုင်ငံအား ပိတ်ပင်ခြင်းကို လက်မခံကြပေ။ ပိတ်ပင်မှုများနှင့် ခရီးသွားလုပ်ငန်း တုံ့ဆိုင်းနေစေမှုများက အဆုံးစွန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ခရီးသွား လုပ်ငန်းတို့နှင့် ဆက်နွှယ်နေသည့် အလုပ်များအပေါ် မှီခိုအားထားနေရသည့် ထောင်ပေါင်းများစွာသော မြန်မာပြည်သူပြည်သားများကိုသာ ထိခိုက်နစ်နာစေမည်ဖြစ်သည်။ ကျူးဘားနိုင်ငံအား အမေရိကန်တို့၏ ပိတ်ပင်မှုမည်သို့ ဖြစ်ပျက်ခဲ့သည်ကို စဉ်းစားခြင်းဖြင့် သိနိုင်ပါသည်။

တတိယအားနည်းချက်မှာ– လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် ရာထူးဌာနအပေါ်ကို အာရုံစိုက်ကာ အမေရိကန်က မူဝါဒများချမှတ်နေခြင်း ဖြစ်သည်။ ပါကစ္စတန် သမ္မတ ပါဗက်မူရှာရက်ဖ်၊ ရုရှားသမ္မတ ဗလာဒီမာပူတင်၊ ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ၊ ဒေါ်စုကြည်စသဖြင့် ဤသို့သော လူပုဂ္ဂိုလ်များအပေါ် အခြေစိုက်ကာ မူဝါဒချမှတ်နေခြင်းသည် အမေရိကန်၏ မဟာအမှားကြီးပင် ဖြစ်သည်။

မက်ကောနဲနှင့် ဘိုနိုတို့၏ ဆောင်းပါးတွင် အကြံပြုတင်ပြထားသကဲ့သို့သာ ပုဂ္ဂိုလ်ရေးအပေါ် အခြေခံပြီး အလျှော့မပေးစတမ်း ခိုင်မာသော ထောက်ခံအားပေးမှုကိုသာ ကျင့်သုံးနေပါက အမေရိကန်အနေဖြင့် ကိုယ်ရှုံးကိုယ်ပတ်သည့် ဖြစ်ရပ်များနှင့်သာ ပိုမိုကြုံတွေ့ရနိုင်ပြီး အမေရိကန်၏ ရည်မှန်းချက်ပန်းတိုင်ကိုလည်း မျက်ခြည်ပြတ်သွားနိုင်မည်ဖြစ်သည်။ အတိတ်ကလည်း အမေရိကန်သည် အီရန်နိုင်ငံမှ ရှားဘုရင်နှင့် အခြားသူများအပေါ် ထိုသို့ လုပ်မိမှားခဲ့ခြင်းသာဓကများ အထင်အရှား ရှိနေခဲ့သည်။

သမ္မတဘုရှ်အစိုးရ၏ ထိပ်တန်းဦးစားပေး လုပ်ငန်းတွင် မြန်မာနိုင်ငံအရေးကိုထည့်သွင်းရန် မက်ကောနဲနှင့် ဘိုနိုတို့က တိုက်တွန်းထားသည်။ တကယ်တမ်းတွင်မူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ပြည်ထောင်စု၏ မူဝါဒသည် အာရှနိုင်ငံအားလုံးအနက်တွင် နောက်ဆုံးဦးစားပေးလုပ်ငန်းတစ်ခုသာ ဖြစ်နေသည်။

အမေရိကန် အမျိုးသားရေး အကျိုးစီးပွားအမြင်မှာ ဘောင်ကျဉ်းလွန်းနေသည်။ အမေရိကန်သည် အကြမ်းဖက်မှု တိုက်ဖျက်ရေးကဲ့သို့သော အခြားကိစ္စရပ်များတွင် ပါဝင်ပတ်သက်လွန်းနေပြီ ဖြစ်သည်။ **မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးကိစ္စတွင် အမေရိကန်သည် တစ်လမ်းသွားနိုင်ငံရေးဝါဒကိုသာ ထားရှိကျင့်သုံးနေသည်။ ဖြစ်သင့်သည်မှာ ယင်းကိစ္စကို အမေရိကန်မူဝါဒ တစ်ရပ်ရပ်၏ အစိတ်အပိုင်း တစ်ခုအဖြစ်သာထားရှိသင့်ပြီး အခြားသော အမေရိကန် အကျိုးစီးပွား အများအပြားနှင့်ပါ ချိန်ထိုး၍ ဆက်စပ်ကျင့်သုံးသွားသင့်သည်။**

မြန်မာနိုင်ငံဆိုင်ရာ မူဝါဒနှင့် စပ်လျဉ်း၍ အမေရိကန်တွင် ကျယ်ပြန့်သော၊ မှန်ကန်သော၊ နားအသွင်းမခံရသော ထောက်လှမ်းရေး တင်ပြချက် အစစ်အမှန်များ လိုအပ်နေသည်။ ယခုအထိတော့ ကွဲလွဲချက်ဟူသည်ကား ဘာရယ်ဟု မည်မည်ရရ မသိရ။ အနှစ်သာရကိုလည်း လိုအပ်သလောက် ရှာမရဘဲ ဖြစ်နေပေသည်။ ။

မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးကိစ္စတွင် အမေရိကန်သည် တစ်လမ်းသွားနိုင်ငံရေးဝါဒကိုသာ ထားရှိကျင့်သုံးနေသည်။ ဖြစ်သင့်သည်မှာ ယင်းကိစ္စကို အမေရိကန်မူဝါဒ တစ်ရပ်ရပ်၏ အစိတ်အပိုင်းတစ်ခုအဖြစ်သာ ထားရှိသင့်ပြီး အခြားသော အမေရိကန်အကျိုးစီးပွား အများအပြားနှင့်ပါ ချိန်ထိုး၍ ဆက်စပ်ကျင့်သုံးသွားသင့်သည်။

စက်တင်ဘာ၁၀ရက်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား နိုင်ငံတော်က ဝယ်ယူဖြည့်တင်းပေးသော ဆုံလည်လှေကားတင် မီးသတ်ယာဉ်တစ်စီး အပါအဝင် အခြားမီးသတ်ယာဉ်များ၏ လေ့ကျင့်ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း–ဖော်ပြပြီး) (မီးသတ်ဦးစီး)

ဂုဏ်ပြုဆု

မင်္ဂလာဒုံမြို့နယ် အမှတ်(၆) အခြေခံပညာအလယ်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ်၃၀ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းတင်က ခုနစ်နှစ်ဆက်တိုက် ဘက်စုံ ဘာသာစုံ ထူးချွန်ပထမဆုရှင် မလှဲ့ရည်နန္ဒာအား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (က–ပ)

သိမ်ကျောင်းတော်ကြီးဆောက်လုပ်ရေးလှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၁၁

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၅၁)ရပ်ကွက် မြဝတီမင်းကြီး ၁လမ်း ပညာရာမပရိယတ္တိစာသင်တိုက်၌ သိမ်ကျောင်းတော်ကြီး ဆောက်လုပ်လျက်ရှိရာ သိမ်ကျောင်းတော်ကြီး အမြန်ပြီးစီးအောင်မြင်နိုင်ရန် အတွက် သိမ်အလှူရှင် အလှူအမများအဖြစ် ကုသိုလ်ယူနိုင်ရန် နှီးဆော်ထားရာ လှူဒါန်းလိုပါက ဘဒ္ဒန္တပညာသာမိ(စာချနာယက)ပဌနိကာယ သာသနဗိမာန် ရန်ကင်း ဖုန်း–၅၆၁၁၅၃ နှင့် ဗိုလ်မှူးကြီးမောင်မောင်အုံး(ငြိမ်း) အမှတ် ၁၆ ငွေကြာရံ ရိပ်သာ ဝေဇယန္တာလမ်း တောင် ဥက္ကလာပ ဖုန်း–၅၇၉၁၀၁ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- ✻ သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
- ✻ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံးလိုအပ်သော လျှပ်စစ်ဓာတ်အားကိုသုံးစွဲပါ။
- ✻ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
- ✻ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အား သုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။

စက်တင်ဘာ ၁၀ ရက်အထိ အီရတ်၌ သေဆုံးသော အမေရိကန် တပ်ဖွဲ့ဝင် ၁၀၀၈ ဦး ရှိသွားပြီ

ဘဂ္ဂဒက် စက်တင်ဘာ ၁၀

အီရတ်နိုင်ငံအား အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ တိုက်ခိုက်ခဲ့သည်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံး ဒဏ်ရာရလျက် ရှိကြသည်။

စက်တင်ဘာ ၁၀ ရက် သောကြာနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၀၀၈ဦးဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၇၆၂ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၂၄၆ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

သေဆုံး

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၄ ဦး၊ အီတလီ ၁၈ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ၁၀ဦး၊ ယူကရိန်းခြောက်ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် နယ်သာလန်တို့ တစ်ဦးစီသေဆုံးခဲ့ကြသည်ဟုဆိုသည်။ သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၈၆၇ဦးဖြစ်ပြီး ယင်းအနက် ၆၅၀မှာ တိုက်ပွဲ၌သေဆုံး၍ ၂၁၇ဦးမှာ အခြားအကြောင်းများကြောင့်သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

(အင်တာနက်)

အီရတ်ရှိ ဓားစာခံများ၏ကံကြမ္မာ ကိုဖီအာနန်စိုးရိမ်

ကုလသမဂ္ဂ စက်တင်ဘာ ၁၀

အီရတ်နိုင်ငံတွင် ဓားစာခံအဖြစ် ဖမ်းဆီးခံထားရသော အရပ်သားများအားလုံး၏ ကံကြမ္မာနှင့် စပ်လျဉ်း၍ အလွန်အမင်းစိုးရိမ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ဗုဒ္ဓဟူးနေ့၌ပြောကြားလိုက်ပြီး ၎င်းတို့အား ခြွင်းချက်မရှိ ချက်ချင်းလွှတ်ပေးရန် ကိုဖီအာနန်က တိုက်တွန်းလိုက်သည်။

ဝမ်းနည်းစရာ

ပြင်သစ်သတင်းစာဆရာနှစ်ဦးနှင့် အီတလီလူသားချင်းစာနာသော ကူညီထောက်ပံ့ရေး အလုပ်သမားနှစ်ဦးအပြင် အီရတ်လုပ်ဖော်ကိုင်ဖက်များအား ပြန်ပေးဆွဲမှုသည် အီရတ်၌ အပြစ်မဲ့သော အရပ်သားများအား အကြမ်းဖက်သည့် ဝမ်းနည်းစရာကောင်းသော နောက်ဆုံးဖြစ်ရပ်များပင်ဖြစ်ကြောင်း ကြေညာချက်တွင် ကိုဖီအာနန်က ပြောကြားထားသည်။

ဖမ်းဆီးသွား

လက်နက်ကိုင် လူတစ်စုသည် အင်္ဂါနေ့၌ ရုံးခန်းထဲသို့ အတင်းဝင်ရောက် တိုက်ခိုက်ကာ အီတလီအမျိုးသမီး ကူညီထောက်ပံ့ရေးအလုပ်သမားနှစ်ဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြသည့်ပြင် အီရတ်ယောကျ်ားတစ်ဦးနှင့် မိန်းမတစ်ဦးကိုလည်း ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

လွန်ခဲ့သည့်သုံးပတ်၌ ပြင်သစ်သတင်းစာဆရာနှစ်ဦးသည် နာဂျက်ဖ်မြို့သို့အသွားတွင် ပြန်ပေးဆွဲခြင်းခံခဲ့ပြီး ၎င်းတို့သည် ပြန်ပေးသမားများလက်ထဲ၌ ရှိမြဲရှိနေသည်။

အမ်အင်အေ၊ ဆင်ဟွာ

လုံခြုံရေးစောင့်ကြပ်

တီကရစ်မြို့အဝင် အဝေးပြေးလမ်းမကြီးတစ်ခုတွင် စစ်ယာဉ်တစ်စီးဖြင့် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန် တပ်ဖွဲ့ဝင်များကို စက်တင်ဘာ ၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆေးကုသမှုခံယူ

ဖော်လူဂျာမြို့အား အမေရိကန် တပ်ဖွဲ့ဝင်များက လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ်တစ်ဦး ဆေးရုံ၌ ဆေးကုသမှုခံယူနေသည်ကို စက်တင်ဘာ ၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ခုခံတိုက်ခိုက်ရေးသမားများနှင့် ကန်တပ်ဖွဲ့ဝင်များ အီရတ်မြောက်ပိုင်း တာလ်အာဖာမြို့၌ တိုက်ပွဲများ ညလုံးပေါက်ဖြစ်ပွား

ဘဂ္ဂဒက် စက်တင်ဘာ ၁၀

အီရတ်နိုင်ငံမြောက်ပိုင်း တာလ်အာဖာမြို့တွင် အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေးသမားတို့ ညလုံးပေါက် တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့ရာ အီရတ်၁၇ဦး သေဆုံးပြီး အခြား ၅၀မှာ ဒဏ်ရာရရှိခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများနှင့် ဆေးဘက်ဆိုင်ရာ သတင်းရပ်ကွက်များက ကြာသပတေးနေ့၌ ပြောကြားသည်။

တိုက်ပွဲမှာ ဗုဒ္ဓဟူးနေ့ နံနက် ၂နာရီခန့်၌ စတင်ဖြစ်ပွားခဲ့ပြီး သုံးလေးနာရီမျှ ကြာမြင့်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများကပြောကြားသည်။

ဖြစ်ပွား

လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်း၌ အပေါင်းပါ တပ်ဖွဲ့များနှင့် ခုခံတိုက်ခိုက်ရေးသမားတို့သည် တာလ်အာဖာတွင် တိုက်ပွဲများ ဖြစ်ပွားခဲ့သည်ဟု သိရသည်။ စက်တင်ဘာ ၄ ရက်၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေးသမားတို့သည် တာလ် အာဖာမြို့တွင်း သို့ တင့်ကားများ ဝင်လာချိန်တွင် တိုက်ပွဲများ ဖြစ်ပွားခဲ့ရာ၌ အီရတ် ၁၃ဦးသေဆုံးခဲ့ပြီး အခြားလူ ၅၀ကျော် ဒဏ်ရာရခဲ့သည်ဟု ဆေးဘက်ဆိုင်ရာက ပြောကြားခဲ့သည်။ ရဟတ်ယာဉ် တစ်စင်း တိုက်ပွဲဖြစ်ပွားရာအနီး၌ ထိုးဆင်းခဲ့ရပြီး ရဟတ်ယာဉ်ပေါ်ပါရှိသူ တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရခဲ့သည်ဟု အမေရိကန် စစ်ဘက်က ပြောကြားသည်။

ညလုံးပေါက်

ထိုအတောအတွင်း ဖော်လူဂျာမြို့ကို အမေရိကန်တို့က ဗုဒ္ဓဟူးနေ့၌ လေကြောင်းမှ ညလုံးပေါက် တိုက်ခိုက်ခဲ့ရာတွင် အီရတ်၁၂ဦး သေဆုံးပြီး ကိုးဦး ဒဏ်ရာရခဲ့သည်ဟု ဆိုသည်။

တိုက်ခိုက်

ယခုကဲ့သို့ ဖော်လူဂျာမြို့အား လေကြောင်းမှ တိုက်ခိုက်ခြင်းသည် သုံးညဆက်တိုက် တိုက်ခိုက်ခြင်းဖြစ်သည်ဟု သိရသည်။

အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အီရတ်ပြည်သူတို့သေဆုံးမှုနှင့် အိုးအိမ်ပျက်စီးမှုများ ဖြစ်ပေါ်နေရသည်။

အမ်အင်အေ၊ဆင်ဟွာ

ခတ္တမန္ဒူရှိ အမေရိကန် ပြန်ကြားရေးဌာန မသင်္ကာဖွယ်လူများက ဗုံးဖောက်ခွဲတိုက်ခိုက်

ခတ္တမန္ဒူ စက်တင်ဘာ ၁၀

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တော်၌ရှိသော အမေရိကန်ပြန်ကြားရေးဌာနကို သောကြာနေ့ညနေပိုင်းက မသင်္ကာဖွယ်လူများက ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့သော်လည်း ထိခိုက်သေဆုံးမှု မရှိကြောင်း သိရသည်။

ခတ္တမန္ဒူမြို့လယ် ဂျာနက်ရှ်ဝါရှိ အမေရိကန်ပြန်ကြားရေးဌာန၏ အရှေ့ ဘက် နံရံအပြင်ဘက်မှနေ၍ ဗုံးကိုပစ်ခတ်ခဲ့ကြောင်း အရာရှိတစ်ဦးက ပြောကြားသည်။

ပျက်စီး

ဗုံးပေါက်ကွဲမှုကြောင့် ရေချိုးခန်းအမိုးပျက်စီးသွားသော်လည်း လူအသေ အပျောက်မရှိကြောင်း ထိုအရာရှိက ပြောကြားသည်။

ပစ်မှတ်ထား

နီပေါနိုင်ငံတွင် အစိုးရဆန့်ကျင်သော လက်နက်ကိုင်လူစုများသည် နီပေါ၌ အစိုးရတပ်ဖွဲ့ဝင်များ၊ အစိုးရပိုင် ကုမ္ပဏီများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံ သည့် လုပ်ငန်းများကို မကြာမီ သီတင်းပတ်များအတွင်း၌ ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြသည်။

အင်တာနက်၊ဆင်ဟွာ

ဒါကာ-စစ်တကောင်းအဝေးပြေး နှစ်လမ်းသွား လမ်းမကြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ဝင်ငွေတိုးတက်ရေး အထောက်အကူပြု

ဒါကာ စက်တင်ဘာ ၁၀

အချိန်မီပြီးစီးနိုင်ရေးအတွက် ဆောင်ရွက်နေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဒါကာ-စစ်တကောင်း အဝေးပြေး နှစ်လမ်းသွားလမ်းမကြီးသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ပို့ကုန်ဝင်ငွေတိုးတက်ရရှိရေး ဆွဲဆောင်ရာတွင် အထောက်အကူပြုမည်ဖြစ်သည်။

အဆိုပါလမ်းမကြီးသည် ဒါကာနှင့် စစ်တကောင်း သွားရေး လာရေး မြန်မြန်ဆန်ဆန်နှင့် အဆင်ပြေချောမွေ့စေမည်ဖြစ်သည့်အပြင် အာရှအဝေးပြေး လမ်းမကြီးနှင့်လည်း ဆက်သွယ်မည်ဖြစ်ကြောင်း နယူးနေးရှင်းသတင်းစာက ကြာသပတေးနေ့၌ ရေးသားဖော်ပြသည်။ ထိုဒါကာ-စစ်တကောင်း အဝေးပြေးလမ်းမကြီး တည်ဆောက်ဖောက်လုပ်ခြင်းကို အာရှဖွံ့ဖြိုးရေးဘဏ်က ငွေကြေးအထောက်အကူပေးကြောင်း လမ်းနှင့်အဝေးပြေးလမ်းမကြီး တည်ဆောက်ဖောက်လုပ်ရေးဌာန သတင်းရပ်ကွက်များက ပြောကြားသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

အီရတ်၌အကြမ်းဖက်မှုများပိုမိုဖြစ်ပွားနေမှု ကုလအမှုထမ်းဦးရေလျှော့ချရန် ကိုဖီအာနန်ပြောကြား

ကုလသမဂ္ဂ စက်တင်ဘာ ၁၀

အီရတ်၌ဖြစ်ပွားသော အကြမ်းဖက်မှုသည် ၂၀၀၅ခုနှစ် ဇန်နဝါရီလ၌ ကျင်းပရန် စီစဉ်ထားသော ရွေးကောက်ပွဲကို ခြိမ်းခြောက်ဖွယ်ရှိပြီး ကုလသမဂ္ဂ နိုင်ငံတကာဆိုင်ရာ အမှုထမ်းအရေအတွက်ကိုလည်း ၃၅ယောက်ထိ လျှော့ချရဖွယ်ရှိကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုဖီအာနန်က အင်္ဂါနေ့၌ ပြောကြားလိုက်သည်။

အီရတ်တွင် လုံခြုံရေးပတ်ဝန်းကျင်သည် ၂၀၀၃ခုနှစ် မတ်လ၌ အီရတ်ကို အမေရိကန်နှင့် အပေါင်းပါတို့ ကျူးကျော်ခဲ့ချိန်မှစပြီး များများစားစားမတိုးတက်ခဲ့ကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်သွင်းသည့် အစီရင်ခံစာ၌ ကိုဖီအာနန်က ပြောကြားပြီး အမေရိကန်ပြည်ထောင်စုအား တပ်အင်အားထက် နိုင်ငံရေးအင်အားကို ပိုအားထားရန် တိုက်တွန်းလိုက်သည်။

လိုအပ်

လုံခြုံမှုမရှိသည့် ပြဿနာကို နိုင်ငံရေးလုပ်ငန်းစဉ်ဖြင့်သာ ဖြေရှင်းနိုင်သည်ဆိုခြင်းကို အသိအမှတ်ပြု လက်ခံမည်ဖြစ်ကြောင်း ယင်းသည် ခြိမ်းခြောက်မှုများ၊ သို့မဟုတ် လက်နက်ကိုင် အင်အားအသုံးပြုမှုအပေါ် အားထားခြင်းကို ရပ်တန့်ရန် အာမခံချက်လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

ပျက်စီးနိုင်

အီရတ်လူမျိုးများ၏ နေ့စဉ်ဘဝ ဆိုးရွားစွာပြိုကွဲပျက်စီးမှုအပြင် အဆက်မပြတ် ဖြစ်နေသော အကြမ်းဖက်မှုသည် အသွင်ကူးပြောင်းမှုဆိုင်ရာ နိုင်ငံရေးလုပ်ငန်းစဉ်တွင် ယုံကြည်မှု ပျက်စီးနိုင်ပြီး ၂၀၀၅ခုနှစ် ဇန်နဝါရီ၌ ကျင်းပမည့် ရွေးကောက်ပွဲအတွက် လိုအပ်သည့် အခြေအနေများကို ဖန်တီးရန် ပိုခက်ခဲစေမည်ဟု ကိုဖီအာနန်က ဆက်လက်ပြောကြားသည်။

ရုပ်သိမ်း

ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံးများကို နှစ်ကြိမ်ဗုံးခွဲ တိုက်ခိုက်ခဲ့ပြီးနောက် အောက်တိုဘာလထဲတွင် နိုင်ငံခြားအမှုထမ်းများကို အီရတ်မှနေ၍ ကိုဖီအာနန်က ရုပ်သိမ်းခဲ့သည်။ လွန်ခဲ့သည့်လ၌ ပါကစ္စတန်သံတမန်ဦးဆောင်သော ကုလသမဂ္ဂ အမှုထမ်းအနည်းငယ်ကို အီရတ်သို့ ကိုဖီအာနန်က စေလွှတ်ပေးခဲ့သည်။ **(အင်တာနက်)**

အမေရိကန်အစိုးရနှင့် လူထုဆက်သွယ်ရေးအခန်းကဏ္ဍ အော်စကာဆုရ ရုပ်ရှင်သရုပ်ဆောင် တင်မ်ရော်ဘင် ပြစ်တင်ရှုတ်ချ

လန်ဒန် စက်တင်ဘာ ၁၀

ရုပ်ရှင်သရုပ်ဆောင်တင်မ်ရော်ဘင်သည် အီရတ်စစ်ပွဲနှင့်ပတ်သက်၍ အမေရိကန်အစိုးရနှင့် လူထုဆက် သွယ်ရေး၏ ယနေ့အခန်းကဏ္ဍကို ပြစ်တင် ရှုတ်ချလိုက်သည်။

ပေးဆပ်နေရ

အော်စကာဆုရှင် တင်မ်ရော်ဘင်သည် လန်ဒန်အနောက်ပိုင်းရှိ ရေးဗားဆိုဒ် စတူဒီယိုတွင် ပြောကြားရာ၌ အမေရိကန်တို့၏ စစ်ပွဲ သို့မဟုတ် ပိုမိုဆိုးရွားသော အကြမ်းဖက်မှုအတွက် အမေရိကန်ပြည်သူတို့ ပေးဆပ်နေရဆဲ ဖြစ်ကြောင်း ပြောကြားသည်။

ရလဒ်ဖြစ်

ယင်းသို့ ပေးဆပ်ရခြင်းသည် လိမ်ညာမှုအပေါ် အခြေခံသော ရှေးရိုးစွဲဝါဒသစ်၏ အကျိုးရလဒ်ပင်ဖြစ်ကြောင်း တင်မ်ရော်ဘင်က ပြောကြားသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် အမေရိကန် တပ်ဖွဲ့ဝင်များက လေကြောင်းမှတိုက်ခိုက်ခဲ့ရာ ဒဏ်ရာရရှိခဲ့သော အီရတ်ကလေးငယ်တစ်ဦး ဆေးရုံ၌ ဆေးကုသမှုခံယူနေရသည်ကို စက်တင်ဘာ၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်သတင်းအကျဉ်း

- ☆ စက်တင်ဘာ ၁၀ရက်အထိ အီရတ်၌ သေဆုံးသော အမေရိကန် တပ်ဖွဲ့ဝင် ၁၀၀၈ဦးရှိပြီ။
- ☆ အီရတ်၌ အကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာနေမှုကြောင့် ကုလသမဂ္ဂ အမှုထမ်းဦးရေကို လျှော့ချရမည်ဟု ကိုဖီအာနန် ပြောကြား။
- ☆ ပြင်သစ်စားခံများ လွတ်မြောက်ရေး မျှော်လင့်ချက် သံသယနှင့် စိုးရိမ်မှုများဝင်လာ။
- ☆ အီရတ်မြောက်ပိုင်း တာလ်အာဖာမြို့၌ အမေရိကန် တပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေးသမားများ တိုက်ပွဲဖြစ်ပွား။
- ☆ ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်ကို အမေရိကန်တပ်ဖွဲ့ဝင်များ လေကြောင်းမှ တိုက်ခိုက်။
- ☆ ဖော်လူဂျာရှိ ခုခံရေးသမားတို့၏ ဌာနချုပ်ဟု ယူဆရသောနေရာများကို အမေရိကန်တိုက်လေယာဉ်များက ထပ်မံဗုံးကြဲတိုက်ခိုက်။

ကန့်တိုက်လေယာဉ်များ ဖော်လူဂျာအား ထပ်မံဗုံးကြဲ

ဖော်လူဂျာ စက်တင်ဘာ ၁၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ဆာဒါစီးတီးဝန်းကျင်နှင့်ဖော်လူဂျာမြို့တို့တွင် ကြောက်မက်ဖွယ်တိုက်ခိုက်မှုများ စက်တင်ဘာ ၈ရက်က ဖြစ်ပွားခဲ့သည်။ ဖော်လူဂျာမြို့ရှိ ခုခံရေးသမားများ၏ အမိန့်ပေးထိန်းချုပ်ရာဌာနချုပ်ဟု ယူဆရသည့် နေရာများကို အမေရိကန်တိုက်လေယာဉ်များက ထပ်မံဗုံးကြဲ တိုက်ခိုက်ခဲ့ကြပြန်သည်။

ဖော်လူဂျာမြို့အား အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှတိုက်ခိုက်မှုကြောင့် အပျက်အစီးများကို စက်တင်ဘာ ၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖော်လူဂျာမြို့သည် အမေရိကန် ကျူးကျော်ရေး တပ်ဖွဲ့များအား ဆန့်ကျင်ခုခံသည့် ဗဟိုချက် သဖွယ်ဖြစ်လာသလို ပြည်ပနိုင်ငံခြားသားတိုက်ခိုက်ရေးသမားများ ခိုအောင်းရာ နေရာတစ်ခုလည်း ဖြစ်လာသည်။

သေဆုံး

ပြီးခဲ့သည့် တနင်္လာနေ့က အမေရိကန်မရိန်းတပ်ဖွဲ့ သယ်ယူပို့ဆောင်ရေးယာဉ်အား အသေခံ ကားဗုံးခွဲ တိုက်ခိုက်ခဲ့ရာ အမေရိကန်မရိန်း တပ်ဖွဲ့ဝင် ခုနစ်ဦး သေဆုံးသွားခဲ့သည်။

ဆောင်ရွက်

အမေရိကန် စစ်ဖက်ဆိုင်ရာက ယခုအခါ အမေရိကန် တပ်ဖွဲ့ဝင် အသေအပျောက်လျှော့နည်းစေရန် နည်းဗျူဟာ ပြောင်းပြီး ဆောင်ရွက်လာရသည်။

ဝန်ခံ

အီရတ်နိုင်ငံသည် အမေရိကန် တပ်ဖွဲ့များ ပထမဆုံးရောက်လာသည့် အချိန်ကထက် ပိုမိုမတည်မငြိမ်ဖြစ်လာကြောင်းကို အမေရိကန် စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူ အချို့က ဝန်ခံလာကြပြီဖြစ်သည်။

ယခုအခါ အီရတ်နိုင်ငံသည် ကြားဖြတ်အစိုးရအဖွဲ့၏ တစ်စိတ်တစ်ဒေသ ထိန်းချုပ်မှုအောက်တွင်သာရှိပြီး မကြာမီ၌ ပြည်တွင်းစစ်ဖြစ်လာနိုင်ချေ များစွာရှိကြောင်း ဗြိတိန်မှ နိုင်ငံတကာရေးရာ တော်ဝင် အဖွဲ့အစည်းက ပြောကြားသည်။ **(စီအင်န်အင်န်)**

ပြင်သစ်စားစာခံများ လွတ်မြောက်ရေးမျှော်လင့်ချက် သံသယနှင့် စိုးရိမ်မှုများဝင်လာ

ပါရီ စက်တင်ဘာ ၁၁

အီရတ်ပြန်ပေးသမားများက ၎င်းတို့၏ တောင်းဆိုချက်သစ်များကို ဝက်ဘ်ဆိုက်မှ ထုတ်ပြန်ကြေညာခဲ့ပြီးနောက် ပြင်သစ် ဓားစာခံများ လွတ်မြောက်ရေး မျှော်လင့်ချက်များသည် အင်္ဂါနေ့၌ သံသယနှင့် စိုးရိမ်စရာဖြစ်လာခဲ့ရသည်။

ထွက်ပေါ်

ပြင်သစ်ဓားစာခံနှစ်ဦး လွတ်မြောက်စေရန် ၄၈ နာရီအတွင်း ဒေါ်လာ ငါးသန်း ပေးရမည်ဟု တောင်းဆိုထားသော ကြေညာချက် တနင်္လာနေ့က ထွက်ပေါ်လာခြင်း ရှိမရှိဆိုသည်ကို အတည် မပြုနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အသင့်ရှိ

စကော့ပ်ဂျီသို့ သွားရောက်လည်ပတ်သော နိုင်ငံခြားရေး ဝန်ကြီး မီချယ်ဘာနီယာက ဓားစာခံများ၏ ကံကြမ္မာနှင့်စပ်လျဉ်း၍ နောက်ထပ် ဘာမျှ ပြောကြားခြင်းမရှိကြောင်း၊ ဓားစာခံများ လွတ်မြောက်ရေး ဆက်လက် လုပ်ဆောင်ရန် လိုအပ်လျှင် အမ္မန်သို့ ပြန်သွားရန်အသင့်ရှိကြောင်း ပြောဆိုသည်။

နောက်ဆုံးပြောင်းလဲဖြစ်ပေါ်မှု အခြေအနေနှင့် စပ်လျဉ်း၍ နာရီမလပ် မိမိသတင်းထုတ်ပြန်ကြောင်း၊ ဓားစာခံများ လွတ်ရေးအတွက် ဘဂ္ဂဒက်နှင့်အမ္မန်တွင် မိမိတို့ အစွမ်းကုန်ကြိုးစားထားကြောင်း ၎င်းက ပြောကြားသည်။

သံသယဝင်

ရက်များကုန်ဆုံးလာသည်နှင့်အမျှ သံသယများသည်လည်း ဝင်လာကြောင်း နေ့စဉ်ထုတ်သတင်းစာတစ်စောင်က ရေးသားသည်။

အမ်အင်အေ၊ရိုက်တာ

တရုတ်နှင့်ဆော်ဒီအာရေဗျ ဆက်ဆံရေးတိုးတက် — တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန်အလှန်အကျိုးပြု

ဂျက်ဒက် စက်တင်ဘာ ၁၀

ဆော်ဒီဘုရင် ဖတ်ဒ်အီဗင်အဗ္ဗဒူအာဇစ်နှင့် ဒုတိယဝန်ကြီးချုပ် အိမ်ရှေ့မင်းသား အဗ္ဗဒူလာအီဗင် အဗ္ဗဒူအာဇစ်တို့သည် အလည်အပတ်ရောက်ရှိနေသော တရုတ်နိုင်ငံခြားရေးဝန်ကြီး လီကျောက်ရှင်းအား နှစ်နိုင်ငံဆက်ဆံရေးကိစ္စများအတွက် အင်္ဂါနေ့က သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ယင်းအစည်းအဝေးတွင် ဆော်ဒီခေါင်းဆောင်များက နှစ်နိုင်ငံဆက်ဆံရေးတိုးတက်မှုကို ကျေနပ်နှစ်သက်အားရမိကြောင်း၊ တရုတ်နိုင်ငံက နိုင်ငံတကာနှင့် ဒေသဆိုင်ရာများတွင် ထူးခြားစွာပါဝင်ဆောင်ရွက်မှုကို ချီးကျူးမိကြောင်း ပြောကြားသည်။

ယင်းနှစ်နိုင်ငံသည် ဘုံအရင်းအနှီးအများအပြား ထည့်ဝင်ထားပြီး နိုင်ငံတကာနှင့် ဒေသဆိုင်ရာကိစ္စများတွင် အမြင်ချင်းတူကြသည်ဟု ၎င်းတို့က ပြောသည်။

တရုတ်ထိပ်တန်းသံတမန်က နှစ်နိုင်ငံခေါင်းဆောင်များ၏ ကြီးကြပ်မှုအောက်တွင် နှစ်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေး၊ ယဉ်ကျေးမှုနှင့် ပညာရေး ပူးပေါင်းဆောင်ရွက်မှုများသည် မှန်မှန်ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံနှင့် ဆော်ဒီအာရေဗျနိုင်ငံ တို့သည် နိုင်ငံတကာနယ်ပယ်တွင် အပြန်အလှန် အကျိုးပြုကြောင်း ပြောကြားသည်။

နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကို အနာဂတ်တွင် ဘုံကြိုးပမ်းမှုအဖြစ် ထိန်းချုပ်သွားနိုင်မည်ဟု မျှော်လင့်ရကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand နှင့် ဇနီးနှင့်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်စဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

ထိုသို့ ပို့ဆောင်နှုတ်ဆက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီးဒေါ်မြမြစန်းတို့နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal၊ စစ်သံမှူး Colonel Kasam Nakpun နှင့် တာဝန်ရှိသူများလည်း ပို့ဆောင်နှုတ်ဆက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ရှေးဦးစွာ ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် နံနက်ဧနာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့က လေဆိပ်အထူးဧည့်ခန်းမဆောင်၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

အမှတ်တရလက်ဆောင်ပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်အား ချစ်ကြည်ရေးခရီးစဉ်မှတ်တမ်းဓာတ်ပုံ အယ်လ်ဘမ်နှင့် ဗီဒီယိုတိပ်ခွေတို့ကို အမှတ်တရလက်ဆောင်အဖြစ်ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ထိုင်းဘုရင့်တပ်မတော် အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များက ပို့ဆောင် နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

နဝင်္ဂဥပေါသထ ကိုးပါးသီလတရားတော်ဟောကြားမည်

ရန်ကုန် စက်တင်ဘာ ၁၁

၁၃၆၆ ခုနှစ် ဝါခေါင်လကွယ်နေ့ စက်တင်ဘာ ၁၃ ရက် တနင်္လာနေ့တွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မြင်းခြံမြို့ ဇေယျာလင်္ကာရ ပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကိတ္တိက နဝင်္ဂဥပေါသထ ကိုးပါးသီလတရားတော်မြတ်ကို မြန်မာ့ရုပ်မြင်သံကြားနံနက်ပိုင်းအစီအစဉ်များအပြီးတွင် ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။

(သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand နှင့် ဇနီးနှင့်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရွှေမြင့်မိုရ်ဆရာတော် လန်ဒန်မြို့သို့ ကြွရောက်တော်မူ

ရန်ကုန် စက်တင်ဘာ ၁၁

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းရှိ အမှတ်(၁) ကျောင်းတိုက် ရွှေမြင့်မိုရ်ကျောင်း မိုးကုတ် ဝိပဿနာဓမ္မရိပ်သာ၏ ပဓာန နာယကဆရာတော် မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်၏ ကမ္မဋ္ဌာနာစရိယ ရွှေမြင့်မိုရ်ဆရာတော် အရှင်သောဘဏ(ပိဋကတစ်ပုံအောင်)သည် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဝိပဿနာတရားစခန်းပွဲများ၊ သစ္စာလေးပါး ပဋိစ္စသမုပ္ပာဒ်တရားတော်များ ဟောကြားချီးမြှင့်ရန် တပည့်အရှင် အာသဘ (မဟာဓမ္မာစရိယ-ကျမ်းပြု၊ မဟာဝိဇ္ဇာ-သီရိလင်္ကာ) နှင့်အတူ ဩဂုတ် ၂၈ရက်က လန်ဒန်မြို့သို့ ဓမ္မဒူတခရီး ကြွရောက်တော်မူကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာကြည့်တိုက်မှာ စာဖတ်ပါ

- ❖ ကျောင်းပိတ်ရုံးပိတ်၊ ဈေးတွေပိတ်ချိန် အိပ်ပြီး နေကြပါသလား......။
- ❖ ငြင်းရင်းခုံရင်း၊ စုံအတင်းနှင့် အပျင်းဖြေကြပါသလား......။
- ❖ မူးယစ်ဆေးဝါး၊ လောင်းကစားနှင့် လမ်းမှားသွားနေပါသလား......။
- ❖ အချိန်ရတုန်း၊ မဆုံးရှုံးဖို့ အသုံးချကြည့်လိုက်ပါလား......။
- ❖ သုတများစွာ၊ ပေးနေပါသည့် စာကြည့်တိုက်ကိုသွားပါလား......။
- ❖ မသိတာတွေ၊ သိလာစေဖို့ မရှိတာတွေ၊ ရှိလာစေဖို့ စာပေဖတ်မှတ်ကြည့်ပါလား......။
- ❖ ရသခံစား၊ ဉာဏ်ရည်ပွားလျက် မှန်မှားမခွဲခြားနိုင်လား......။
- ❖ အမှားကိုမြင်၊ အမှန်ပြင်၍ အသင်အကျိုးမရှိလား......။
- ❖ ကောင်းကျိုးတိုးဝေ၊ မြတ်အမွေကို ရှာဖွေလိုက်ကြပါစို့လား......။ ။

မောင်ရွှေလူ(မအူပင်)

အထူးကျေးဇူးတင်ရှိပါကြောင်း

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

ပထမအကြိမ်လှူဒါန်းပွဲ (၁၇-၁-၂၀၀၄) ရက်နေ့တွင် စာအုပ်၊စာစောင်ပေါင်း ၁၄၃၂၅ အုပ်၊ငွေ ကျပ် ၉၀၀၀၀
နှင့်
ဒုတိယအကြိမ် လှူဒါန်းပွဲ (၇-၉-၂၀၀၄) ရက်နေ့တွင် စာအုပ်၊စာစောင်ပေါင်း ၁၂၉၆၃၂ အုပ်၊ ငွေ ကျပ် ၁၅၄၄၀၀၀
လှူဒါန်းလက်ခံရရှိပါသည်။

လှူဒါန်းကြသည့်စေတနာရှင်များအား ပြန်ကြားရေးဝန်ကြီးဌာနက အထူးကျေးဇူးတင်ရှိပါသည်။

တတိယအကြိမ်ညှိနှိုင်းအစည်းအဝေးနှင့် လှူဒါန်းပွဲကို မကြာမီဆက်လက်ကျင်းပသွားမည်ဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ရှာရန်ရာနှုန်း ၈၀

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဇနီးနှင့်အဖွဲ့ ရွှေတိဂုံစေတီတော်ဖူးမြော်ကြည်ညို

ရန်ကုန် စက်တင်ဘာ ၁၁

မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanandနှင့် ဇနီး Madame Khunying Suppanapa Attanandနှင့် အဖွဲ့ဝင်များသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ကျော်ဟန်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး ဗိုလ်မှူးကြီးကိုကိုမောင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ စစ်သံမှူး Colonel Kasam Nakpunနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ည ၁၀ နာရီတွင် ရွှေတိဂုံစေတီတော်အား သွားရောက် ဖူးမြော်ကြည်ညိုကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့်ဇနီးနှင့်အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်သို့ရောက်ရှိကြရာ စေတီတော်ဂေါပက အဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်မောင်မြင့်၊ ဦးအုန်းမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ရွှေတိဂုံစေတီတော်သမိုင်းနှင့် သာသနိကအဆောက်အအုံများအကြောင်းကို ရှင်းလင်းပြောကြားကြသည်။

မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General Somdhat Attanand နှင့် ဇနီး Madame Khunying Suppanapa Attanand ရွှေတိဂုံ စေတီတော်အား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

ကပ်လှူပူဇော်

ထို့နောက် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် စေတီတော် ရင်ပြင်ရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြော်ကြည်ညိုကြပြီး စေတီတော်အနောက်ဘက်မုခ် အာရုံခံတန်ဆောင်း၌ ပန်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များ ထွန်းညှိကပ်လှူပူဇော်ကြသည်။

ဆက်လက်၍ ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဇနီးတို့သည် စေတီတော်ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြရာ စေတီတော်ဂေါပကအဖွဲ့ဝင်များက လက်ခံကြပြီး ရွှေတိဂုံစေတီတော်ပုံတော်နှင့် စေတီတော်ထီးတော်တင်သမိုင်းစာအုပ်တို့ကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

လှည့်လည်ကြည်ညို

ယင်းနောက် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့်ဇနီးနှင့်အဖွဲ့ဝင်များသည် စေတီတော် ရင်ပြင်အဓိဋ္ဌာန်အောင်မြေမှ ရွှေတိဂုံစေတီတော်ကို ဖူးမြော်ကြည်ညိုကြပြီး သာသနိကအဆောက်အအုံများကို လှည့်လည် ကြည်ညိုကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand နှင့် ဇနီး Madame Khunying Suppanapa Attanand ရွှေတိဂုံ စေတီတော်အား ဖူးမြော်ကြည်ညိုပြီး အလှူငွေများပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က ရွှေတိဂုံစေတီတော်ပုံတော်ကို ပြန်လည်ပေးအပ်စဉ်။ (သတင်းစဉ်)

အာဆီယံယဉ်ကျေးမှုဆိုင်ရာဖလှယ်ရေး စီမံကိန်းအပိုင်း(၃) အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သူများအားဂုဏ်ပြုညစာတည်ခင်း

ရန်ကုန် စက်တင်ဘာ ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်က အိမ်ရှင်နိုင်ငံအဖြစ် မန္တလေးမြို့တွင် လက်ခံကျင်းပခဲ့သည့် အာဆီယံနိုင်ငံများရှိ အခြေခံလူ့အဖွဲ့အစည်းအတွင်း ယဉ်ကျေးမှုဆိုင်ရာဖလှယ်ရေးစီမံကိန်းအပိုင်း(၃) အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသူများအား မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးအမျိုးသားကော်မတီ (ASEAN-COCI) ဥက္ကဋ္ဌ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းဆွေက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲကို ယမန်နေ့ ည ၇ နာရီခွဲတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ကျင်းပရာ ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

ဂုဏ်ပြုညစာစားပွဲသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အကြံပေး ပုဂ္ဂိုလ် အငြိမ်းစား သံအမတ်ကြီး ဦးဝင်းလွင်၊ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တွင် ကျင်းပခဲ့သည့် အာဆီယံနိုင်ငံများရှိ အခြေခံလူ့အဖွဲ့အစည်းအတွင်း ယဉ်ကျေးမှုဆိုင်ရာ ဖလှယ်ရေး စီမံကိန်း အပိုင်း(၃) အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဆွေးနွေးဘက် နိုင်ငံဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညစာစားပွဲတွင် ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး အလုပ်ရုံ ဆွေးနွေးပွဲ တက်ရောက်ခဲ့ကြသည့် သက်ဆိုင်ရာ နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များအား အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

ထို့နောက် တက်ရောက်လာသူများအား ညစာဖြင့် တည်ခင်းဧည့်ခံသည်။ ညစာသုံးဆောင်စဉ် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာများဖြင့် ကပြသီဆိုဖျော်ဖြေကြသည့် ကရဝိက်နန်းတော်မှ အနုပညာရှင်များအား ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

ယင်းနောက် တက်ရောက်လာကြသူများနှင့် ကရဝိက်နန်းတော်မှ အနုပညာရှင်များက 'ASEAN Song of Unity' သီချင်းကို ဂုဏ်ပြုသီဆိုကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ရာသီဥတုခန့်မှန်းချက်

ရာနှုန်းပြည့်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့အထိမ်းအမှတ် ခရမ်းဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင်နှင့်ဆေးဝါးများလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၁

၂၀၀၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် "အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့" အကြိုလှုပ်ရှားမှုအဖြစ် ငွေပဒေသာပင်နှင့် ဆေးဝါးများလှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ခရမ်းမြို့နယ်ရှိ ခရမ်းဘိုးဘွားရိပ်သာ၌ ကျင်းပရာ ရှေးဦးစွာ ၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌလူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရခြင်း၊ ငွေပဒေသာပင်နှင့် ဆေးဝါးများ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငွေပဒေသာပင်နှင့် ဆေးဝါးများကို ပေးအပ်လှူဒါန်းရာ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေးလုပ်ငန်းကော်မတီက ငွေကျပ်တစ်သိန်း၊ သုံးဆယ်မြို့နေ ဦးသိန်းရွှေ-ဒေါ်လှအေး မိသားစုက ငွေကျပ်တစ်သိန်း၊ ခရမ်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ငါးသောင်း၊ ဦးမြင့်ရွှေ-ဒေါ်စန်းစန်းဝင်း မိသားစုက ငွေကျပ်သုံးသောင်း၊ ဦးသက်လွင် (မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ)-ဒေါ်နီနီလေး မိသားစု၊ဦးဘွန်အစ်-ဒေါ်ရှုခင်မိသားစု၊ ဦးတင်ငွေ-ဒေါ်ခင်မြဝင်း မိသားစုတို့က ငွေကျပ်တစ်သောင်းစီ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအဖွဲ့က ငွေကျပ်ငါးထောင်တို့ကို အသီးသီး ပေးအပ်လှူဒါန်းကြပြီး ခရမ်း ဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်သန်းနှင့် တာဝန်ရှိသူများက လက်ခံကြကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်မှ အလှူငွေများ ပေးအပ်လှူဒါန်းရာ ခရမ်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးမှူးက လက်ခံရယူစဉ်။ (လူမှုဝန်ထမ်း)

✡ *ကျောဖုံးမှ*

Boarding Bridgeများ တည်ဆောက်တပ်ဆင်မည့် အစီအစဉ်၊ ကားရပ်နားရန်နေရာ တည်ဆောက်ရန်နှင့် မူလလေဆိပ် အဆောက်အအုံ မွမ်းမံပြင်ဆင်မည့် လုပ်ငန်း၊ လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာနမှ အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင့်က အကောက်ခွန်ဦးစီးဌာန ရန်ကုန်လေဆိပ်ကုန်လှောင်ရုံ အဆောက်အအုံသစ်အပါအဝင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆင့်မြှင့်တိုးချဲ့တည်ဆောက်ရန် စီစဉ်ဆောင်ရွက်ထားမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်စားသောက်ခန်းမ ပြုပြင်မွမ်းမံ တည်ဆောက်မည့် အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားပြီး လေဆိပ်အဆောက်အအုံသစ်၏ ဘိုးပိုင်လုပ်ငန်း၊ အခင်းများကွန်ကရစ်လောင်းခြင်းလုပ်ငန်း၊ လေယာဉ်ရပ်နားရန်နေရာ တိုးချဲ့တည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဂုဏ်ပြုခန်းမဆောင်၊ လေဆိပ်စားသောက်ခန်းမ၊ မူလလေဆိပ်အဆောက်အအုံ၌ ပြုပြင်မွမ်းမံမည့်အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အကောက်ခွန်ဦးစီးဌာန ရန်ကုန်လေဆိပ်ကုန်လှောင်ရုံသစ် တည်ဆောက်ရန် စီစဉ်ဆောင်ရွက်မှုကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူတည်ဆောက်လျက်ရှိသည့် ပါရမီခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ရောက်ရှိကြရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင် နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ပါရမီခုံးကျော်တံတားကို လိုက်လံပြသ ရှင်းလင်းကြသည်။

ပါရမီခုံးကျော်တံတား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားပြီး ပါရမီခုံးကျော်တံတားမှ နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

ပါရမီခုံးကျော်တံတားမှာ ကမ္ဘာအေးဘုရားလမ်းနှင့် ဝေဇယန္တာလမ်းကြား ပါရမီလမ်းနှင့် မြို့ပတ်ရထားလမ်းဆုံ ကားလမ်းကူးနေရာ၌တည်ရှိပြီး အလျား ၁၁၇၅ပေနှင့် အကျယ်၄၈ပေရှိ လေးလမ်းသွားတံတားအဖြစ် တည်ဆောက်နေခြင်းဖြစ်သည်။ တံတား၏တစ်ဖက်တစ်ချက်၌ လေးပေအကျယ်လူသွားလမ်း ပါရှိမည်ဖြစ်သည်။ တံတားအမြင့်မှာ ၁၄ပေရှိမည်ဖြစ်ပြီး တည်ဆောက်မှုရာနှုန်းပြည့်ပြီးစီးနေပြီး မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူတည်ဆောက်နေသည့် ပါရမီခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းများပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စက်မောင်းဆီ ချွေတာဖို့

သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၃ ရက် (အဖိတ်နေ့) ၁၂–၉–၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	မင်းကွန်း ဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိမော်ကွန်း "စတုတ္ထဆယ်စုနှစ်" (အပိုင်း–၂)
၇း၅၅	၅။	သံသာချိုတေးမင်္ဂလာတေး
၈း၁၀	၆။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာ မင်္ဂလာ
၈း၂၀	၇။	အတီးပြိုင်ပွဲ
၈း၃၀	၈။	International News
၈း၄၅	၉။	Say It in English
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀	၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"** (အပိုင်း–၂၆)
၁၂း၂၀	၅။	အသည်းရောင်အသားဝါဘီ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းအကြောင်း သိကောင်းစရာများ
၁၂း၃၅	၆။	မြန်မာဗီဒီယိုဇာတ်လမ်း **"သာအေးရဲ့သံယောဇဉ်"** (ဝေဠုကျော်၊ မြတ်ကေသီအောင်၊ မျိုးစန္ဒီကျော်) (ဒါရိုက်တာ–ဟိန်းထက်နိုင်)
၁၄း၃၀	၇။	ရန်ကုန်တိုင်း မဟူရာ ရေလှောင်တမံ
၁၄း၄၅	၈။	International News
၁၅း၀၀	၉။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ပဥ္စမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲ (တတိယဆု) (အထက–၄၊ မင်္ဂလာတောင်ညွန့်) (အမျိုးသားဝတ်ရွတ်အဖွဲ့)
၁၆း၅၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရူပဗေဒ အထူးပြု) (ရူပဗေဒ)
၁၇း၀၅	၅။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၇း၁၅	၆။	၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်မဟာဂီတ (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား/အမျိုးသမီး)
၁၇း၃၅	၇။	မဟာဝံသမြတ်ဗုဒ္ဓ (ဒုတိယပိုင်း) "ဗုဒ္ဓပါဝစနာ" (ဣန္ဒာဆွေ ရေးသားပူဇော်၍ မောင်မောင်ကြီး သီဆိုပူဇော်သည်)
၁၇း၄၅	၈။	စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၁၇း၅၅	၉။	ဆိုကြမယ်၊ ပျော်ကြမယ်
၁၈း၃၀	၁၀။	ညနေခင်းသတင်း
၁၉း၀၀	၁၁။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့ လင်းပိုင်ငယ်"** (အပိုင်း–၁၄)
၁၉း၃၅	၁၃။	ဦးခိုက်ဖူးမြော် ရွှေမော်ဓောစေတီတော်
၁၉း၄၅	၁၄။	ရွှေတံဆိပ်များ ဆွတ်ခူးထားမြန်မာ့ပြေးခုန်ပစ်အားကစား
၂၀း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **"နှလုံးသားထဲက တစ်ခုတည်းသော အချစ်"** (အပိုင်း–၂၄)
	၁၉။	နောက်တစ်နေ့အစီအစဉ်
	၂၀။	အစီအစဉ်ပြီး၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်
အိန္ဒိယနိုင်ငံ ကဲယားဖောင်ဒေးရှင်းအဖွဲ့ ဥက္ကဋ္ဌနှင့် ညွှန်ကြားရေးမှူးတို့အား တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့တွင်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ Care Foundation အဖွဲ့မှ ဥက္ကဋ္ဌ Dr. P Krishnan Raju နှင့် ညွှန်ကြားရေးမှူး Professor Dr. Arun Tiwari တို့အား ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေဟျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ကျန်းမာရေးကဏ္ဍနှင့် သိပ္ပံနှင့်နည်းပညာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

(သတင်းစဉ်)

တွေ့ဆုံ နှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် **နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့တွင် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ Care Foundation အဖွဲ့မှ ဥက္ကဋ္ဌ Dr. P Krishnan Raju အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေဟျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံ နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့တွင် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ Care Foundation အဖွဲ့မှ ဥက္ကဋ္ဌ Dr. P Krishnan Raju နှင့် ညွှန်ကြားရေးမှူး Professor Dr. Arun Tiwari တို့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေဟျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ်ထံလှူဒါန်းသည့် ပစ္စည်းမျိုးစုံ ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးနှင့် အလှူရှင်များလှူဒါန်း ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ်ဗိုလ်ချုပ်ကျော်ဝင်းလွှဲပြောင်းပေးအပ်

ရန်ကုန် စက်တင်ဘာ ၁၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးနှင့် မြန်မာနိုင်ငံ၊ ဩစတြေးလျနိုင်ငံတို့မှ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် Children Wheel Chair ၉၃ လုံး၊ ဆေးရုံသုံး ပစ္စည်းမျိုးစုံ၊ အားကစားဝတ်စုံ ၁၁၄၈ထည်၊ ကလေးကစားစရာအရုပ် ၅၁၇ရုပ်၊ ကလေးစီး ရှူးဖိနပ် ၁၁၈ရန်နှင့် ရုံးသုံးပစ္စည်းမျိုးစုံ အပါအဝင် တန်ဖိုးငွေကျပ် ၂၀၈သိန်းခန့်ရှိ ပစ္စည်းမျိုးစုံ လွှဲပြောင်းပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ တပ်မတော်ညှိ့ဂေဟာ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်စား ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ်ဗိုလ်ချုပ်ကျော်ဝင်း တက်ရောက်၍ လွှဲပြောင်းပေးအပ်လှူဒါန်းသည်။

အခမ်းအနားသို့ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးခင်မောင်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများနှင့် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ကိုယ်စား ဒုတိယတပ်မတော်ထောက်လှမ်းရေး မှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက Children Wheel Chair များနှင့် ဆေးရုံသုံးပစ္စည်းမျိုးစုံကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်ထံ လည်းကောင်း၊ အားကစား ဝတ်စုံများကို အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်ထံ လည်းကောင်း၊ ကလေးကစားစရာအရုပ် များနှင့် ကလေးစီး ရှူးဖိနပ်များကို မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့် ထံလည်းကောင်း လွှဲပြောင်းပေးအပ် လှူဒါန်းသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က လှူဒါန်းမှုများအတွက် ကျေးဇူးတင် စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ကိုယ်စား ဒုတိယတပ်မတော် ထောက်လှမ်းရေး မှူးချုပ် ဗိုလ်ချုပ် ကျော်ဝင်းက အား ကစားဝတ်စုံ ၁၁၄၈ ထည်ကို အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူး ချုပ် သူရ အေးမြင့်ထံ ပေးအပ် လှူဒါန်းစဉ်။

(သတင်းစဉ်)



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ကိုယ်စား ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း က ကလေးကစားစရာများနှင့် ကလေးစီး ရှူးဖိနပ်များကို မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်ထံ ပေးအပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ကိုယ်စား ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း က Children Wheel Chair များနှင့် ဆေးရုံသုံးပစ္စည်းများကို ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ပါမောက္ခဒေါက်တာ ကျော်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရွှေမြင့်မိုရ်ကျောင်းတိုက် မိုးကုတ်တရားစခန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၁၁

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ကမ္မဋ္ဌာနာစရိယ ဆရာတော်အရှင် ဩဘာသ(မိုးကုတ် ဝိပဿနာမေ့ ကထိက)သည် တောင်ဥက္ကလာပ မြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ စက်တင် ဘာ ၁၈ရက်မှ ၂၇ရက်အထိ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း နိဗ္ဗာန်ရောက်ကြောင်းတရား တော်များကို ဟောကြားပြသမည် ဖြစ်သည်။ ယောဂီများအနေဖြင့် လူ ကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၅၇၁၂၅၈ သို့ဖြစ်စေ စက်တင်ဘာ၁၇ရက် အရောက် ဆက်သွယ်စာရင်းပေးနိုင် ကြောင်းသိရသည်။ **(က-ပ)**

ပုပ္ပားကျောင်းအဓိဋ္ဌာန်ပွဲ

ရန်ကုန် စက်တင်ဘာ ၁၁

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် ပုပ္ပားကျောင်းတိုက် နာယက ဘဒ္ဒန္တပဏ္ဍိစ္စ ကြီးမှူး၍ (၅၂) ကြိမ်မြောက် ၁၃၆၆ ခုနှစ် တော်သလင်း လပြည့်ကျော် ၂ ရက်မှ ၁၂ ရက်အထိကျင်းပသော အဓိဋ္ဌာန် အောင်ပွဲကြီးတွင် အနန္တောအနန္တ ငါးပါး ပူဇော်ပွဲ၊ ခင်ပွန်းကြီးပူဇော် ပွဲ၊ ဒုလ္လဘရဟန်းခံပွဲ၊ သက်ကြီး ၅၂ ယောက် ပူဇော်ပွဲ၊ သတ္တဝါဘေးမဲ့ လွှတ်ပွဲ၊ ပါရမီဆယ်ပါးပြုကျင့်ပွဲ၊ ဘဒ္ဒန္တပဏ္ဍိစ္စအား(၁၂၈)ကြိမ်မြောက် သိက္ခာထပ်ပွဲ၊ မဟာသတိပဋ္ဌာန် ဝိပဿနာတရားစခန်းပွဲများကျင်းပ မည်ဖြစ်ရာ ဖုန်း-၆၀၀၀၂၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရ သည်။ **(က-ပ)**

မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာစစ်စစ်ကို ဝိုင်းဝန်းထိန်းသိမ်းမြှင့်တင်

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရွှေတံဆိပ်ဆုရ မောင်နိုးနိုးလပြည့်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

ယနေ့အချိန်အခါဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေနဲ့ ခေတ်မီဖွံ့ဖြိုး တိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေး ဦးတည်ပြီး မြန်မာလူမျိုးတို့ရဲ့ ခိုင်မာနက်ရှိုင်းတဲ့ သမိုင်းကြောင်း အခြေခံတွေ၊ နက်နဲသိမ်မွေ့တဲ့ မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက် ထုံးတမ်းအစဉ်အလာတွေ၊ လေးနက်ခိုင်မာတဲ့ မြန်မာ့ရိုးရာကျင့်ဝတ်နီတိနဲ့ လူမှုတန်ဖိုးတွေ၊ ကျယ်ပြောနက်ရှိုင်းတဲ့ မြန်မာ့အတွေးအခေါ် အယူအဆတွေအပေါ်မှာ အခြေပြုတဲ့ ညီညွတ်မျှတတဲ့ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီးတစ်ရပ် ဖြစ်ထွန်းလာစေဖို့ကို တစ်မျိုးသားလုံး လက်တွဲပြီးကြိုးပမ်း ဆောင်ရွက်လျက်ရှိတဲ့ အချိန်အခါဖြစ်ပါတယ်။

ဗိုလ်ချုပ်ကြီးခင်ညွန့်
နိုင်ငံတော်ဝန်ကြီးချုပ်
(၁၄-၁၀-၂၀၀၃)

ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို

ဝါသနာရှင်အဆင့် အကပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

- **မိမိတို့နိုင်ငံသူ၊ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရေး၊**
- **မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊**
- **မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရေး၊**
- **မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရေး၊**
- **လူငယ်တို့၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေး၊**
- **တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး**

ဟူသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပသွားမည် ဖြစ်သည်။

ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ၂၀၀၄ခုနှစ် ဩဂုတ် ၂၆ရက်က အင်းစိန်မြို့နယ်ရှိ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ပင်မတောင်ယန္တရားခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းနှင့် မြို့နယ်ရှစ်မြို့နယ်မှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ပြိုင်ပွဲဝင်ကြမည့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြသည်။ အခမ်းအနားတွင် ဧည့်ပရိသတ်များအား မကေခိုင်၏ အပျိုတော်အကဖြင့် ဧည့်ခံဖျော်ဖြေသည်။ ထို့နောက် ရွှေတံဆိပ်ဆုရှင် ရန်ကုန်သန်းဆွေက စည်တော်ကြီးသီချင်းဖြင့် ဧည့်ပရိသတ်များအား ဧည့်ခံဖျော်ဖြေသည်။

အနုပညာရှင်များနှင့် ဝါသနာရှင်များ၊ ပွဲကြည့်ပရိသတ်များ အင်းစိန်မြို့နယ် ပင်မတောင်ယန္တရားဝင်းကြီးအတွင်း ကြက်ပျံမကျ စည်ကားလျက်ရှိသည်။ ဝင်းကြီးအတွင်းတွင် အပ်ကျသံပင် မကြားရအောင် ငြိမ်သက်တိတ်ဆိတ်နေသည်။ ထိုအချိန်တွင် ပြည်ချစ်မယ် ပေါက်ကျော်မ၏ ဂီတလက်သံက နားဝင်ပီယံ ငြိမ့်ညောင်းစွာ ပေါ်ထွက်လာသည်။ ရန်ကုန်သန်းဆွေ၏ သာယာနာပျော်ဖွယ် တေးသံက ဂီတသံစဉ်နှင့်အတူ ငြိမ့်ညောင်း သာယာစွာ ပေါ်ထွက်လာသည်။ ရွှေတံဆိပ်ဆုရှင် မောင်နိုးနိုးလပြည့်၏ မုဒြာကဟန်က နူးညံ့သိမ်မွေ့လှသည်။ မြန်မာ့စည်တော်ကြီး တေးသီချင်း၏ (ခြေဆင်း)ကို ရန်ကုန်သန်းဆွေက ငြိမ့်ငြိမ့်ညောင်းညောင်း သီဆိုခဲ့သည်။

“ချမ်းမြေ့မြေ့ တပေါင်စာစီလို့ မငြီးနိုင်ဘု ××× **နန်းရဝေရယ်တဲ့ အောင်ချာမြေ** ××× **ပြည်တော်နဲ့ နီးမယ်ထင်ရဲ့** ××× **(စည်တော်ကြီး** ××× **စည်တော်ကြီး** ××× **စည်တော်ကြီး) တီးသံကချို** ××× **ငါးမည်ရတဲ့ ပြည်ရွှေဘို** ×××

ဂီတသံ ငြိမ့်ညောင်းသလောက် ကကြိုးကကွက်အချိုးကျသည့် ဤဝိုင်းတွင် စည်တော်ကြီး ဂန္ထဝင် တေးတော်သံက သံစဉ်ပြောင်မြောက်သည်။ အရိုးကို အရွက် မဖုံးစေသော ဖျော်ဖြေမှုဖြစ်ပါသည်။

“ငါးမည်ရ × × × **ငါးမည်ရ** × × × **ရန်ကြီးအောင်မုဆိုးဘို**×××**ရတနာသိခ်**×××**ကုန်းဘောင်ပြည်ရွှေဘို**×××**ဘေးရန်တို့**× × ×**အေးရန်ဖို့**× × × **အောင်မြေနင်း**× × ×**မင်းအထိုထို**×××**ဝန်းရေညို** ×××**ဝန်းရေညို** ×××**ဝန်းရေညိုပတ်လည်ဝိုင်းတယ်**××× **မြို့ရွှေဘို**××× **ဒို့ရွှေဘို**××× **ကျွန်တော်တို့ရဲ့ရွှေဘို**×××**ပြည်ကြီးစည်ကြီး**×××**နေပြည်ဗဟို**× × × **(စည်တော်ကြီး**× × × **စည်တော်ကြီး)**× × × **တီးသံကချို**××× **ငါးမည်ရတဲ့**××× **ပြည်ရွှေဘို** ×××”

နိုင်ငံတော်အစိုးရက အမျိုးဂုဏ်၊ ဇာတိဂုဏ်ထိန်းသိမ်း မြှင့်တင်နိုင်ရေး အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ အမျိုးသားယဉ်ကျေးမှု တည်တံ့ပြန့်ပွားရေး အလေးထား အကောင်အထည်ဖော်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် နှစ်စဉ်ကျင်းပလျက်ရှိသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပပေးနေခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပေသည်။

အဆို၊ အက၊ အရေး၊ အတီး ဘက်စုံကြည့်ရှုဂုဏ်မြောက်လှသဖြင့် “ငါးမည်ရပြည်ရွှေဘို” စည်တော်သံတေး ဖျော်ဖြေတင်ဆက်မှု ပြီးဆုံးသွားသည့်အခါ ပရိသတ်ကြီး၏ လက်ခုပ်ဩဘာသံများသည် ဘဝဂ်သို့ ညံလျက်ရှိနေပါတော့သည်။

၂၀၀၃ ခုနှစ်တွင် ကျင်းပခဲ့သည့် ဧကာဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။ နိုင်ငံတော်ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားရာတွင် **“မြန်မာ့ဟန်၊ မြန်မာ့ ယဉ်ကျေးမှု အနုပညာရပ်များ ဆက်လက်ရှင်သန် တိုးတက်ဖွံ့ဖြိုးစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရင်း မိမိနိုင်ငံ၊ မိမိလူမျိုးရဲ့ အနာဂတ်ကို အမျိုးသားရေးအကျိုးစီးပွားဖြစ်ထွန်းနိုင်မှု လမ်းကြောင်းမှန်ပေါ်မှာ တည့်မတ် မြဲမြဲခိုင်မာစွာ ဖြစ်ထွန်းစေရအောင် အနုပညာစွမ်းပကားနဲ့ ထိန်းသိမ်းဖေးမစောင့်ရှောက်ကြပါ”**ဟူ၍ တိုက်တွန်းပြောကြားခဲ့သည်။

မျက်မှောက်ကာလတွင် သိပ္ပံနှင့်နည်းပညာရပ်များ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ အနောက်နိုင်ငံကြီးအချို့က ယင်းသို့ခေတ်မီတိုးတက်သည့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများကို တလွဲအသုံးချပြီး နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုတံခါးပေါက်မျိုးစုံမှ ယင်းတို့၏ ဓလေ့စရိုက် အမူအကျင့်များကို သွတ်သွင်းလျက်ရှိကြသည်။ တိုင်းတစ်ပါးမှ ဝင်ရောက်လာသည့် အလေ့အထ၊ အကျင့်စရိုက်များ ထိုးဖောက်လွှမ်းမိုးလာမှု အန္တရာယ်ကို မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ယဉ်ကျေးမှု အနုပညာရပ်များဖြင့်သာ တားဆီးတွန်းလှန်နိုင်ကြမည်ဖြစ်ပေသည်။

မြန်မာတို့၏ မျက်မှောက်ခေတ် ဆိုင်းဝိုင်းတွင် ပါဝင်ဖွဲ့စည်းထားသည့် ကြေး၊ သားရေ၊ လေ၊ လက်ခုပ် တူရိယာများသည် ပျူခေတ်နှင့် ပုဂံခေတ်တို့၌ပင် ပေါ်ထွန်းခဲ့ပြီးဖြစ်၏။ ပျူခေတ်တွင် သတ္တု၊ သစ်ဝါး၊ ခရုသင်း၊ ကနုကမာ၊ ကြိုး၊ သားရေ၊ ဘူးခြောက်၊ ဆင်စွယ်နှင့် ဦးချိုစသည့် ပစ္စည်းများဖြင့် ပြုလုပ်ထားသည့် တူရိယာပစ္စည်း ၂၄ မျိုးထွန်းကားခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရသည်။

ပုဂံခေတ်နှင့် အင်းဝခေတ်တို့၌ ခရုသင်း၊ ခရာ၊ တံပိုး၊ ပလွေ၊ ချည်ချောင်း၊ ဒုံမင်း၊ သံကောက်၊ ခရာကောက်၊ တံရှည်၊ တံမြွှာ၊သနဲ၊နှဲ၊ ဖက်လိပ်၊ သပြောသာ၊ ထုလောင်စသော လေမှုတ်တူရိယာများ၊ ခေါင်းလောင်း ခြူ၊ ချပ်၊ ခွက်ခွင်း၊ စည်းဆုပ်၊ ဆည်းလည်း၊ နရည်းစရာ၊ နဂါးကြည်း၊ နောင်းနင်း၊ သံလွင်၊ လင်းကွင်း စသော ကြေးတူရိယာများနှင့် စည်၊ စည်ကြီး၊ ပဟိုရ်၊ ပတ်သာ၊ စည်ပတ်၊ စည်ပန်းတောင်း၊ မုရိုးစည်၊ စည်အိမ့်ရှင်၊ မြောက်စည်၊ စည်ဖြော၊ စည်ပတ်၊ စည်သေး၊ စည်ဝန်း၊ သံလွင်စည်၊ ဒုံမင်းစည်စသော တူရိယာများ ထွန်းကားခဲ့သည်။

နိုင်ငံတော်အစိုးရက အမျိုးဂုဏ်၊ ဇာတိဂုဏ်ထိန်းသိမ်း မြှင့်တင်နိုင်ရေး အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ အမျိုးသားယဉ်ကျေးမှု တည်တံ့ပြန့်ပွားရေး အလေးထားအကောင်အထည်ဖော်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် နှစ်စဉ်ကျင်းပလျက်ရှိသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပပေးနေခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပေသည်။

ယမန်နှစ်က ကျင်းပခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင် အနုပညာရှင်ပေါင်း ၂၅၀၀ခန့် ပါဝင် ယှဉ်ပြိုင် ခဲ့ကြသည်။ မြန်မာနိုင်ငံတစ်နံတစ်လျားမှ အနုပညာရှင်ကြီး ၃၀၀ ကျော်တို့က ပြိုင်ပွဲအစမှအဆုံးတိုင် အကဲဖြတ်ဒိုင်များ အဖြစ် ရှေ့ဆောင်ရှေ့ရွက်ပြုကာ ပါဝင်ကူညီခဲ့ကြသည်ကို တွေ့ရသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ရုပ်သေးသဘင်နှင့် ဇာတ်သဘင်ပညာရှင်များက မိမိတို့ ယှဉ်ပြိုင်ကြသည့် ဇာတ်တော်ကြီးများ အလိုက် အနုပညာပြောင်မြောက်စွာ ကပြယှဉ်ပြိုင်ခဲ့ကြသည်။ ရှုမြင်ကြရသူ ပရိသတ်များ၏ ရင်ထဲတွင် မြန်မာလူမျိုးတို့၏ လေးနက်ခိုင်မာသည့် တွေးခေါ်မြော်မြင်မှုနှင့် ယဉ်ကျေးမှု ဓလေ့စရိုက် ထုံးတမ်းအစဉ်အလာများကို တွေ့မြင်ခံစားလာကြရသည်။ ထူးခြားလေးနက်သည့် လူမှုကျင့်ဝတ်စံနှုန်းများကို သိမြင်ခံစားရရှိစေပေသည်။

အဆို၊ အက၊ အရေး၊ အတီးကဏ္ဍစုံတွင် ငယ်ရွယ်နုနယ်သည့် မျိုးဆက်သစ် အနုပညာရှင်ကလေးများက ဝါရင့်အနုပညာရှင်ကြီးများသဖွယ် အနုပညာအစွမ်း ပြသယှဉ်ပြိုင်ကြခြင်းမှာလည်း ပြိုင်ပွဲ၏ အရည်အသွေး တိုးတက်မြင့်မားလာမှုများကို ဖော်ညွှန်းလျက်ရှိပေသည်။

အထူးသဖြင့် ရှေးခေတ်ဂီတစာဆိုရှင်များ သီကုံးဖွဲ့ဆိုခဲ့ကြသည့် ဇာတိမာန် တေးသီချင်းများကို မျိုးဆက်သစ်လူငယ်များက စိတ်ဓာတ်တက်ကြွထက်သန်စွာ တီးမှုတ်သီဆိုနေကြသည့်အတွက် ရှုမြင်နားသောတဆင်နေရသူ ပရိသတ်အပေါင်း၏ နှလုံးသားတွင် အမျိုးသားရေး အားမာန်များ နိုးကြားတက်ကြွခဲ့သည်။

ထို့အပြင် ပြိုင်ပွဲတစ်လျှောက် ကဏ္ဍစုံတွင် အမျိုးသမီးအနုပညာရှင်များက အမျိုးသားများနှင့် ရင်ပေါင်တန်း ပါဝင်ယှဉ်ပြိုင် အနုပညာအစွမ်း ပြသနိုင်ကြခြင်းမှာလည်း ဝိသေသတစ်ခုပင်ဖြစ်သည်။ နှစ်ပေါင်းထောင်ချီ၍ တည်တံ့လာခဲ့သည့် မြန်မာ့ယဉ်ကျေးမှု သမိုင်းစဉ်တစ်လျှောက် ပေါ်ထွန်းလာခဲ့သော အမျိုးသမီးအနုပညာရှင်များ၏ အစဉ်အလာကိုဆက်လက်ထိန်းသိမ်းနိုင်ကြသည်။ ထူးခြားပြောင်မြောက်သည့် အမျိုးသမီးရုပ်သေးကြိုးဆွဲပညာရှင်များပေါ်ထွန်းလာခြင်းသည်လည်း ပြိုင်ပွဲကြီး၏ ထူးခြားသော ရလဒ်ကောင်းတစ်ခုပင် ဖြစ်ပေသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ဒွါဒသမအကြိမ်(၁၂ကြိမ်) အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဒုတိယနေ့အဖြစ် ဩဂုတ် ၂၇ ရက်နေ့တွင် ဆက်လက်ကျင်းပသည်။ ပြိုင်ပွဲဝင်များက အဆို၊အက၊အရေး၊အတီးကို တစ်နေကုန် ယှဉ်ပြိုင်ကြပြီး ညနေ ၆ နာရီတွင် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းများ ပြန်လည်ပေးအပ်သည်။

ယခုနှစ် ရန်ကုန်မြောက်ပိုင်းခရိုင် ခရိုင်အဆင့် ပြိုင်ပွဲဝင် စုစုပေါင်း ၁၈၅ ဦးရှိပြီး ပြိုင်ပွဲ အမျိုးအစား ၄၇ မျိုးဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ပထမဆု ၃၃ဆု၊ ဒုတိယဆု ၃၃ဆု၊ တတိယဆု ၂၅ဆု၊ အထူးဆု ၁၄ဆုကို ချီးမြှင့်ပေးအပ်ခဲ့သည်။

သို့ဖြစ်ရာ အနုပညာရှင်များအားလုံးက နှစ်ပေါင်းထောင်ချီ၍ ဖွံ့ဖြိုးစည်ပင်လာခဲ့သည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အနုပညာစစ်စစ်ကို မြတ်နိုးတွယ်တာစွာ ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက် မိမိတို့ အနုပညာ စွမ်းပကားဖြင့် ဝိုင်းဝန်းကြိုးပမ်းစွမ်းဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

12-9 (10).p65 1 25.03.1905, 12:55 PM

နိုင်ငံတော်အကြီးအကဲက စည်းစနစ်ကျပြီးပြည်သူချစ်သောရဲတပ်ဖွဲ့ဖြစ်ရေး ပြုပြင်ပြောင်းလဲရန်လမ်းညွှန်ထား နိုင်ငံတော်အစိုးရ၏လုပ်ဆောင်ချက်များ၊ မိမိတို့လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များ မှန်မှန်ကန်ကန်သိမြင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အဆင့်ဆင့်ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းများအောင်မြင်ရေးကြိုးပမ်း

ရန်ကုန် စက်တင်ဘာ ၁၁

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှု စနစ်ပြုပြင်ပြောင်းလဲရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ(၁)၌ကျင်းပသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ၂၀၀၄ ခုနှစ် ပထမနှင့်ဒုတိယ လေးလပတ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ရဲမှူးချုပ်များ၊ တပ်ဖွဲ့မှူးများ၊ ပြည်နယ်နှင့်တိုင်း ရဲတပ်ဖွဲ့မှူးများ၊ ရဲလေ့ကျင့်ရေး သင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ရဲတပ်ရင်းမှူးများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေး ကော်မတီအတွင်းရေးမှူး ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတ်မှတ်ကာလအတွင်း ဆောင်ရွက်မှုအခြေအနေ၊ ၁၉၉၆ ခုနှစ်မှ ၂၀၀၄ ခုနှစ် ဩဂုတ်လအထိ အမှုကြီး ၁၀ မျိုး လျော့နည်းကျဆင်း သွားမှုအခြေအနေ၊ ရပ်ရွာလုံခြုံရေးနှင့် မြစ်ဝ လုံခြုံရေးဆောင်ရွက်နေမှု အခြေအနေ၊ လူကုန်ကူးမှုနှင့် ပြည်ပသို့ တရားမဝင် သွားရောက် အလုပ်လုပ်ကိုင်မှုများ တားဆီးနိုင်မှုအခြေအနေ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းတွင် မဟာဗျူဟာနှစ်ရပ်နှင့် နည်းဗျူဟာသုံးရပ် ချမှတ်ဆောင်ရွက်မှု အခြေအနေနှင့် မူးယစ်ဆေးဝါး ပပျောက်ရေး ၁၅နှစ်စီမံကိန်း ဆောင်ရွက်နေမှုနှင့် အိမ်နီးချင်းနိုင်ငံများနှင့် လက်တွဲဆောင်ရွက်နိုင်မှု အခြေအနေ၊ မူးယစ်ဆေးဝါးတိုက်ဖျက် နှိမ်နင်းရေး ထူးခြားဖြစ်စဉ်များအခြေအနေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ်ပြုပြင်ပြောင်းလဲရေး ကော်မတီတွင် ဆပ်ကော်မတီခြောက်ခုဖြင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ ဝန်ထမ်းအင်အား အခြေအနေနှင့် ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်(၁၇)ရပ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

လိုအပ်ချက်များရှင်းလင်း

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးသည် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ ၂၀၀၄ခုနှစ် ပထမနှင့် ဒုတိယလေးလပတ်ညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ ရဲလုပ်ငန်းပိုင်းဆိုင်ရာနှင့် တာဝန်ပိုင်းဆိုင်ရာ ကိစ္စရပ်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ်ပြုပြင်ပြောင်းလဲရေး ကော်မတီ အတွင်းရေးမှူး ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီက ရှင်းလင်းခဲ့ပြီး ဖြစ်သဖြင့် မိမိအနေဖြင့် ရှေ့ဆက်လက်ဆောင်ရွက်ရန် လိုအပ်ချက်များကို ရှင်းလင်း ပြောကြားသွားမည်ဖြစ်ကြောင်း။

စွမ်းရည်ပြည့်ဝရေး

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်နှစ်ရပ်ကို ရဲတပ်ဖွဲ့က အဓိကတာဝန်ယူဆောင်ရွက်နေရခြင်းဖြစ်သည့်အတွက် ရဲတပ်ဖွဲ့၏ တာဝန်များမှာ ကြီးမားကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက ရဲတပ်ဖွဲ့ကြီးကို စည်းစနစ်ကျသော၊ ပြည်သူချစ်သောရဲတပ်ဖွဲ့ဖြစ်အောင်၊ နိုင်ငံတော်ကာကွယ်ရေး အရန်အင်အားလည်းဖြစ်အောင် ပြုပြင်ပြောင်းလဲသွားရန် လမ်းညွှန်မှုပြုခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် မျိုးချစ်စိတ်ဓာတ်ရှိပြီး စွမ်းရည်ပြည့်ဝခေတ်မီအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသည့် ရဲအရာရှိကြီးများသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ အဖွဲ့အစည်းအသီးသီးကို ဦးစီးဦးဆောင်ပြုမှုပေးနေကြသူများဖြစ်ကြောင်း။

ခေါင်းဆောင်ကောင်းဖြစ်ရေး

ထို့ကြောင့် ဦးစီးဦးဆောင်ပြုလုပ်နေကြရသည့် ရဲအရာရှိကြီးများအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ မိမိတို့၏တပ်ဖွဲ့ကြီး တိုးတက်ကောင်းမွန်ရေးအတွက် မိမိတို့၏အရည်အချင်းပြည့်ဝအောင် အစဉ်လေ့ကျင့် ဆောင်ရွက်နေကြရမည်ဖြစ်သကဲ့သို့ မိမိတို့၏ အကျင့်စာရိတ္တမြင့်မား ကောင်းမွန်ရေး အတွက်လည်း အစဉ်ကျင့်ကြံနေထိုင်ကြရမည်ဖြစ်သည့်အပြင် အများ အကျိုးကို သယ်ပိုးထမ်းဆောင်နိုင်ကြရမှာဖြစ်ကြောင်း၊သို့မှသာ အရည်အချင်း ပြည့်ဝသည့် ခေါင်းဆောင်ကောင်းများ ဖြစ်လာကြမည်ဖြစ်ကြောင်း။

ထိန်းကျောင်းပြုပြင်

ထို့ပြင် ခေါင်းဆောင်ကောင်း တစ်ဦးအနေဖြင့် နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ စစ်ရေးအမြင်များ ရှိကြရမည်ဖြစ်ပြီး အသိအမြင် မှန်ကန်အောင် အစဉ်လေ့ကျင့်ပျိုးထောင်နေကြရမည်ဖြစ်ကြောင်း၊ အသိမှန်အမြင်မှန်ရှိမှသာ မိမိတာဝန်ယူရသည့် လုပ်ငန်းတာဝန်များအပြင် မိမိ၏ လက်အောက်ခံဌာနများ၊ တပ်ဖွဲ့များသို့ မှန်ကန်စွာ ထိန်းကျောင်းပြုပြင်နိုင်မည်ဖြစ်ကြောင်း။

အသိအမြင် မှန်ကန်ရေးအတွက် ကမ္ဘာ့ဖြစ်စဉ် ဖြစ်ရပ်များ၊ မိမိတို့ နိုင်ငံ၏ အခြေအနေများ၊ နိုင်ငံတော် အစိုးရ၏ လုပ်ဆောင်ချက်များ၊ မိမိတို့ လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန် သိမြင်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော် ကာကွယ်ရေးနှင့် ပတ်သက်ပြီး ယနေ့နိုင်ငံကြီးအချို့ အနေဖြင့် စစ်အင်အားသာလွန်မှု၊ နည်းပညာ သာလွန်မှု၊ ဓနအင်အား သာလွန်မှုများကို အခွင့်ကောင်းယူပြီး ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအပေါ်(Media) နည်းမျိုးစုံဖြင့်အနိုင်အထက်ပြုမှုများ၊ ဩဇာလွှမ်းမိုးခြယ်လှယ်ရန် ကြိုးစား အားထုတ်လုပ်ဆောင်မှုများ၊ စစ်အင်အားဖြင့် ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်နေခြင်းများကို ယနေ့ကမ္ဘာ့ဖြစ်စဉ် ဖြစ်ရပ်များ၌ တွေ့မြင်နေကြရကြောင်း။

ခွန်အားသုံးရပ် တည်ဆောက်

ယင်းကဲ့သို့ ဖြစ်စဉ်ဖြစ်ရပ်များ အရ မိမိတို့နိုင်ငံအနေဖြင့် သူတစ်ပါး၏ ဩဇာလွှမ်းမိုးမှု၊ အနိုင်အထက် ပြုမှု မခံရအောင် ကိုယ်ခံစွမ်းအားများ ရှိနေရန်အတွက် နိုင်ငံရေးခွန်အား၊ စီးပွားရေးခွန်အားနှင့် စစ်ရေးခွန်အား စသည့် ခွန်အားသုံးရပ်တောင့်တင်း နေရန် တည်ဆောက်ထားရန် လိုအပ် ကြောင်း။

ကာကွယ်တားဆီး

နိုင်ငံရေးခွန်အား တောင့်တင်းရေး အတွက် မိမိတို့တိုင်းပြည်တွင် လုံခြုံမှု၊ တည်ငြိမ်မှုနှင့် တရားဥပဒေစိုးမိုးမှု ရှိနေစေရန် တည်ဆောက်ထားရန် လိုအပ်ကြောင်း၊ ယင်းတာဝန်များ ထမ်းဆောင်နိုင်ရန်အတွက် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ တာဝန်သည် အဓိကအခန်းကဏ္ဍက ပါဝင်နေကြောင်း၊ တပ်မတော်အပိုင်းကလည်း မိမိတို့၏တပ်မတော်တာဝန်ကို ကျေကျေပွန်ပွန်သမိုင်းနှင့်ချီပြီး ထမ်းဆောင်နေသကဲ့သို့ ရဲတပ်ဖွဲ့အပိုင်းကလည်း ရဲတပ်ဖွဲ့၏တာဝန်များကိုကျေပွန်အောင် တာဝန်ယူဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ ပြည်သူများလုံခြုံအေးချမ်းစွာဖြင့် နေထိုင် လုပ်ကိုင်စားသောက်နိုင်ရန် အကာအကွယ်ပေးကြရမည်ဖြစ်ကြောင်း၊ ပြည်သူများအားလုံး တရားဥပဒေဘောင်အတွင်းတွင် မျှမျှတတ ခံစားနိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးကို အလေးထားပြီး ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ထို့အတူ မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမှုအန္တရာယ်များကို အမျိုးသားရေးတာဝန်အဖြစ် ပြတ်ပြတ်သားသား မှန်မှန်ကန်ကန် ကာကွယ်တားဆီးသွားကြရန်လိုကြောင်း။

စီးပွားရေးသည် နိုင်ငံရေး၏ကွင်းဆက်ဖြစ်ကြောင်း၊ စီးပွားရေးတောင့်တင်းခိုင်မာလာသည်နှင့်အမျှ နိုင်ငံတော် တည်ငြိမ်အေးချမ်းမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စီးပွားရေးခိုင်မာတောင့်တင်းအောင် နိုင်ငံတော်အစိုးရက စီးပွားရေးစီမံကိန်းကြီးများ ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ များစွာအောင်မြင်တိုးတက်လျက်ရှိကြောင်း။

အားပေးကူညီ

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ တဖြည်းဖြည်းတစ်ဆင့်ပြီး တစ်ဆင့်ကူးပြောင်းဆောင်ရွက်လျက်ရှိသည့် နည်းတူ နိုင်ငံတော်က စပါးသီးနှံအပါအဝင် အဓိကသီးနှံ ၁၀မျိုးကို ရွေးချယ်ပေးပြီး သီးနှံများအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရန် တွန်းအားပေးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့အပြင် ကော်ဖီ၊ လက်ဖက်၊ ငရုတ်ကောင်း စသည့် အမယ်သစ်(အမည်သစ်) သီးနှံသုံးမျိုးနှင့် ရော်ဘာ၊ ဆီအုန်း၊ သစ်ဆိမ့်စသည့်နှစ်ရှည်သီးနှံသုံးမျိုးကိုလည်းရေ၊ မြေ၊ ရာသီဥတုနှင့်လိုက်လျောညီထွေရှိသည့် ဒေသများတွင် စိုက်ပျိုးလုပ်ကိုင်သူများ၏ စိတ်ကြိုက် လွတ်လပ်စွာ စိုက်ပျိုးလုပ်ပိုင်ခွင့်များကို ပေးထားကြောင်း၊ သီးနှံများကို တစ်အုပ်တစ်မ များများစိုက်နိုင်ရန်အတွက် လက်ရှိ တောင်သူလယ်သမားများသာမက စီးပွားရေးလုပ်ငန်းရှင်များပါ ပါဝင်စိုက်ပျိုးနိုင်ရန် နိုင်ငံတော်က စိုက်ပျိုးမြေများချထားပေးသည့်အပြင် လယ်ယာသုံးစက်ကိရိယာများကိုလည်း ပြည်ပမှတင်သွင်းခွင့်နှင့် မိမိတို့စိုက်ပျိုးဖြစ်ထွန်းသည့် သီးနှံများကိုလည်း ပြည်ပသို့တင်ပို့ ရောင်းချခွင့်ပေးထားကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများ၏ လယ်ယာလုပ်ငန်းခွင်လုံခြုံရေးအတွက် ရဲတပ်ဖွဲ့အနေဖြင့် ထိထိရောက်ရောက်ကာကွယ် ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း။

ထို့အပြင် နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော်နှင့် လက်တွဲပြီး ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအရန်အင်အားစုဖြစ်သဖြင့် ကျန်းမာကြံ့ခိုင်ပြီး ဘက်စုံအရည်အသွေးပြည့်ဝသည့် ရဲတပ်ဖွဲ့ဖြစ်ရေးအတွက် အစဉ်လေ့ကျင့်ဆောင်ရွက်သွားကြရန်လိုကြောင်း။

လက်တွဲကြိုးပမ်း

နိုင်ငံတော်တွင် နိုင်ငံရေး၊စီးပွားရေး၊ စစ်ရေးအင်အားတောင့်တင်းရန် အမြင်ရှိရှိဆောင်ရွက်ရန်လိုအပ်သကဲ့သို့ အုပ်ချုပ်ရေးအမြင်လည်း ရှိရန် အထူးလိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရန် နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေး ဒေသကြီး ၂၄ခု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်စသည့် စီမံကိန်းကြီး သုံးခုကို ချမှတ်ဆောင်ရွက်လျက်ရှိရာ နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကိုအားလုံးအသိအမြင်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့်အဆိုပါ ဖွံ့ဖြိုးရေးစီမံကိန်းကြီးများ ပိုမိုတိုးတက်အောင်မြင်ရေးအတွက် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသခံပြည်သူများနှင့် ညီညီညွတ်ညွတ်လက်တွဲကာ ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးပေါ်ထွန်းလာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ ချမှတ်ပြီး အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံရေးကဏ္ဍတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပပေးလျက်ရှိကြောင်း၊ အမျိုးသားညီလာခံ ကျင်းပခြင်းအပါဝင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အဆင့်ဆင့်ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းရပ်များအားလုံးအောင်မြင်ရေးအတွက် ကျရာကဏ္ဍက ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်းက ရန်ကုန်တိုင်းရဲတပ်ဖွဲ့၏ သတ်မှတ်ကာလအတွင်း ချမှတ်ထားသော ရည်မှန်းချက် တာဝန်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က တင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ်ပြုပြင်ပြောင်းလဲရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

(သတင်းစဉ်)

ပါကစ္စတန်ဟော်ကီအဖွဲ့ချုပ် အားကစားပစ္စည်းများလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၁

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ကျင်းပသော ပါကစ္စတန်နိုင်ငံ ဟော်ကီအဖွဲ့ချုပ်မှ အားကစားဝန်ကြီးဌာနသို့ ဟော်ကီအားကစားအသုံးအဆောင် ပစ္စည်းများ လှူဒါန်းသည့်အခမ်းအနားသို့တက်ရောက်၍ လှူဒါန်းသည့် ပစ္စည်းများကို လက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Muhammed Nawaz Chaudhry က ဟော်ကီ အားကစားအသုံးအဆောင်ပစ္စည်းများ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးထံ ပါကစ္စတန်နိုင်ငံ ဟော်ကီအဖွဲ့ချုပ်ကလှူဒါန်းသည့် ဟော်ကီ အားကစား အသုံးအဆောင်ပစ္စည်းများ ပေးအပ်သည်။**(အောက်ပုံ) (သတင်းစဉ်)**

✻ ကျောဖုံးမှ

လုပ်ငန်းကော်မတီက တင်ပြရမည့်စာတမ်းများနှင့် ကော်မရှင်အဖွဲ့ဝင်များက ဝိုင်းဝန်းညှိနှိုင်းရမည့်ကိစ္စများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားညီလာခံကျင်းပမည့် ညောင်နှစ်ပင်စခန်း၌ သစ်ပင်ပန်းမန်များစိုက်ပျိုးခြင်း၊ လိုအပ်သော အဆောက်အအုံများဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်းနှင့် မွမ်းမံခြင်းလုပ်ငန်းများကို အချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းကောင်းမွန်ရေး တို့ကို ကြိုးကြပ်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

တက်ညီလက်ညီဆောင်ရွက်

ကျင်းပပြီးစီးခဲ့သော အမျိုးသားညီလာခံသည် အားလုံးအဆင်ပြေချောမွေ့ အောင်မြင်ခဲ့သကဲ့သို့ လာမည့်အမျိုးသားညီလာခံကိုလည်း အဆင်ပြေ ချောမွေ့ အောင်မြင်အောင် အားလုံးက တက်ညီလက်ညီဆောင်ရွက်သွားကြစေလို ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယ ဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင်က ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံ တွင် လုပ်ငန်းကော်မတီက တင်ပြရန်ရှိသည့် ကိစ္စရပ်များအတွက် ကြိုတင် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးညှိနှိုင်း

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ကော်မရှင်အဖွဲ့ဝင် များက အမျိုးသားညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် အမျိုးသားညီလာခံ တွင် ချမှတ်မည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်ရမည့် အသေးစိတ် အခြေခံမူများချမှတ်နိုင်ရန် ကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးညှိနှိုင်း ကြပြီး အစည်းအဝေးကို ညနေ ၄နာရီတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အစည်းအဝေးတက်ရောက်ရန် ထိုင်းသို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ Greater Mekong Subregion-Business Forum (GMS-BF) ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့ ဦးဆောင်သော အဖွဲ့ဝင် ၁၅ ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် Greater Mekong Subregion Economic Cooperation Program အရ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် စက်တင်ဘာ ၉ ရက်မှ ၁၁ ရက်အထိကျင်းပမည့် High-Level Public-Private Sector Consultation Meeting သို့ တက်ရောက်ရန် စက်တင်ဘာ ၉ ရက်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ ဗဟိုအလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

မှတ်သားဖွယ်ရာမိုးရေချိန်များ

၉-၉-၂၀၀၄

စစ်တွေမြို့	၈ ဒသမ ၃၅ လက်မ
မြောက်ဦးမြို့	၅ ဒသမ ၇၁ လက်မ
မောင်တောမြို့	၅ ဒသမ ၆၇ လက်မ
ကျောက်ဆည်မြို့	၄ ဒသမ ၀၂ လက်မ
ကျောက်တော်မြို့	၃ ဒသမ ၈၂ လက်မ
စစ်ကိုင်းမြို့	၃ ဒသမ ၆၂ လက်မ
အမ်းမြို့	၃ ဒသမ ၃၅ လက်မ
ညောင်ဦးမြို့	၂ ဒသမ ၈၄ လက်မ
မန္တလေးမြို့	၂ ဒသမ ၈၄ လက်မ
မင်းဘူးမြို့	၂ ဒသမ ၅၆ လက်မ
ပခုက္ကူမြို့	၂ ဒသမ ၅၂ လက်မ
မုံရွာမြို့	၁ ဒသမ ၅၇ လက်မ
မကွေးမြို့	၁ ဒသမ ၅၀ လက်မ
ပြင်ဦးလွင်မြို့	၂ ဒသမ ၃၂ လက်မ
ချောက်မြို့	၂ ဒသမ ၁၇ လက်မ

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၄ခုနှစ်၊ စက်တင်ဘာလအတွက်

(၁၂-၉-၂၀၀၄)ရက်နေ့

နှင့်

(၂၆-၉-၂၀၀၄)ရက်နေ့

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေ

ရန်ကုန် စက်တင်ဘာ ၁၁

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသ တိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်း၌ နေရာကွက်ကျား၊ ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိပြီး စစ်တွေမြို့၏ အနောက်တောင်ဘက် မိုင် ၂၆၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ ယင်းမုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ ရွေ့လျားပြီး နောက်၁၂နာရီအတွင်း စစ်တွေမြို့၏ မြောက်ဘက်မှ ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား ကောင်းနေသည်။

စက်တင်ဘာ ၁၂ ရက် ညနေအထိ ခန့်မှန်းချက်အရ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြားမိုးရွာပြီး ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခေတ္တမျှ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၄၅မိုင်အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

မုန်တိုင်းငယ်တစ်ခု ဖြတ်ကျော်ဝင်ရောက်နိုင်

ရန်ကုန် စက်တင်ဘာ ၁၁

ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်များအရ မုန်တိုင်းငယ်သည် စစ်တွေမြို့၏ အနောက်တောင်ဘက် မိုင် ၂၆၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ယင်းမုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ရွေ့လျားပြီး ယနေ့နံနက်မှနောက်၁၂နာရီအတွင်း စစ်တွေမြို့၏မြောက်ဘက်မှ ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်နိုင်သည်။

ယင်းမုန်တိုင်း၏ အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတမ်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

စက်တက္ကသိုလ်ဒိုလ်ဂလောင်း၊ တပ်မတော်ဆေးတက္ကသိုလ်ဒိုလ်ဂလောင်းနှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဒိုလ်ဂလောင်းများဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ် ဗိုလ်လောင်း၊ တပ်မတော် ဆေးတက္ကသိုလ်ဗိုလ်လောင်း နှင့် တပ်မတော်နည်းပညာ တက္ကသိုလ်ဗိုလ်လောင်း လျှောက်လွှာတင်သွင်းထားသူများသည်ဝင်ခွင့် စာမေးပွဲကို အောက်ပါ အတိုင်း ဖြေဆိုကြရမည်-

(က) တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲကို ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ(၁၉)ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) အင်္ဂလိပ်စာ ၀၉၃၀ နာရီမှ ၁၁၃၀ နာရီထိ။

(၂) ဇီဝဗေဒ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီထိ။

(ခ) တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့် အရည် အချင်းစစ် စာမေးပွဲကို ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ(၂၀)ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) အင်္ဂလိပ်စာ ၀၉၃၀ နာရီမှ ၁၁၃၀ နာရီထိ။

(၂) သင်္ချာ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီထိ။

(ဂ) စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲကို ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ(၂၁)ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆို ရမည်-

(၁) အင်္ဂလိပ်စာ ၀၉၃၀ နာရီမှ ၁၁၃၀ နာရီထိ။

(၂) သင်္ချာ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီထိ။

၂။ စာမေးပွဲများကို အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုရမည်-

(က) မြစ်ကြီးနားမြို့ တပ်နယ်ခန်းမ။

(ခ) လားရှိုးမြို့ တိုင်းစစ်ဌာနချုပ်ခန်းမ။

(ဂ) ကျိုင်းတုံမြို့ တိုင်းစစ်ဌာနချုပ်ခန်းမ။

(ဃ) တောင်ကြီးမြို့ သံလွင်ခန်းမ။

(င) မော်လမြိုင်မြို့ ရွှေနတ်တောင် တပ်မတော် အထက။

(စ) မြိတ်မြို့ တိုင်းစစ်ဌာနချုပ်ခန်းမ။

(ဆ) စစ်တွေမြို့ ဇမ္ဗူလခန်းမ။

(ဇ) မုံရွာမြို့ အထက(၂) အလုံ၊ တပ်မတော်ကျောင်း။

(ဈ) တောင်ငူမြို့ တိုင်းစစ်ဌာနချုပ်ခန်းမ။

(ည) ရန်ကုန်မြို့

(၁) စစ်တက္ကသိုလ်ဗိုလ်လောင်းများအတွက်

(ကက) ခုံအမှတ်(၁)မှ(၁၄၀၀)အထိ၊ အထက(၂)၊ မင်္ဂလာဒုံ။

(ခခ) ခုံအမှတ်(၁၄၀၁)မှ နောက်ပိုင်း- ပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း၊ ရန်ကင်း။

(၂) တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းအတွက် - အထက(၂)၊ မင်္ဂလာဒုံ။

(၃) တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းအတွက် - အထက (၂)မင်္ဂလာဒုံ။

(ဋ) ပုသိမ်မြို့

(၁) စစ်တက္ကသိုလ်ဗိုလ်လောင်းများအတွက်

(ကက) ခုံအမှတ်(၁)မှ(၂၅၀)အထိ- တိုင်းစစ်ဌာနချုပ်ခန်းမ။

(ခခ) ခုံအမှတ်(၂၅၁)မှ နောက်ပိုင်း- တပ်နယ်အားကစားရုံ။

(၂) တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းအတွက် - တိုင်းစစ်ဌာနချုပ်ခန်းမ။

(၃) တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းအတွက် - တိုင်းစစ်ဌာနချုပ်ခန်းမ။

(ဌ) မန္တလေးမြို့

(၁) စစ်တက္ကသိုလ်ဗိုလ်လောင်းများအတွက်

(ကက) ခုံအမှတ်(၁)မှ(၁၄၀၀)အထိ- အထက(၁၈)၊ နန်းတွင်း။

(ခခ) ခုံအမှတ်(၁၄၀၁)မှ နောက်ပိုင်း - အမက(၆)၊ နန်းတွင်း။

(၂) တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းအတွက် -အထက(၁၈)၊ နန်းတွင်း။

(၃) တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းအတွက် - အထက(၁၈)၊ နန်းတွင်း။

၃။ မိမိတို့ လျှောက်လွှာတင်သွင်းရာတိုင်းစစ်ဌာနချုပ် စာစစ်ဌာနများတွင် ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန် အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့် ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာ ထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ နိုင်ငံသားစိစစ်ရေးလက်မှတ်ကို တစ်ပါတည်းယူဆောင်လာရမည်။ နိုင်ငံသားစိစစ်ရေးလက်မှတ် တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် စာစစ်ဌာနများတွင် စုံစမ်းမေးမြန်းနိုင်သည်။

မဟာဝံသမြတ်ဗုဒ္ဓ ဒုတိယပိုင်းထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၁

ဗုဒ္ဓပူဇာ ဓမ္မပူဇာ အလင်္ကာတေးရတနာများကို ဗုဒ္ဓဘာသာဝင်သူတော်စင်များ ပူဇော်ကြည်ညို ကုသိုလ်ယူနိုင်ကြ စေရန်အတွက် ဓမ္မတေးစာဆို ဣန္ဒာဆွေ ရေးဖွဲ့သီကုံးသည့် မဟာဝံသမြတ်ဗုဒ္ဓ ဒုတိယပိုင်း(၁) ဗွီစီဒီ၊ ဒီဗွီဒီနှင့် ကက်ဆက်ခွေများကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်က တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိထားသည်။

မြတ်ဗုဒ္ဓ၏ ဖြစ်တော်စဉ်များကို အပိုင်းလိုက်ခွဲခြားပြုစုထုတ်ဝေလျက်ရှိသော မဟာဝံသမြတ်ဗုဒ္ဓ ဓမ္မတေးများ အနက် ဒုတိယပိုင်း(၁)တွင် ဂီတမှူး စန္ဒရားကိုရည်နွယ်၊ တေးသံရှင် မောင်မောင်ကြီး၊ ရာဇာဝင်းတင့်၊ ကိုထွန်းရွှေ၊ ဖြူသီနှင့် ဂီတစာဆိုမောင်မောင်လတ်တို့အပြင် မြန်မာမှုတူရိယာအစုံအလင်ဖြင့် ဂီတပညာရှင်ကြီးများက လက်စွမ်းပြ တီးခတ်ထားသော အဆိုပါတေးစီးရီးခွေများကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက် ၅၂၉/၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အဆောက်အအုံ၊ ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂၊ ၇၂၅၅၃၀နှင့် ကိုမင်းအောင်၊ မသန္တာကျော် စူပါ ပါဝါ တေးဖြန့်ချိရေး အမှတ် ၅၊ ဝ-၅ ယုဇနပလာဇာ(မြေညီထပ်) ရန်ကုန် ဖုန်း-၇၀၄၈၁၄၊ ၂၀၀၇၄၇ (လိုင်းခွဲ-၁၂၅၆၊ ၇၂၅၆)၊ မန္တလေးမြို့၊ ဈေးချိုဟိုတယ်၊ ဖုန်း-၀၂-၃၉၄၉၄၊ ၀၂-၃၉၄၉၅တို့သို့ ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဦးလှအောင်အား ရည်စူး၍ တောင်ဥက္ကလာပမြို့နယ် (၁၄/၂) ရပ်ကွက်၊ ကျေးတမာလမ်း၊ အမှတ် ၁/၂နေ ဒေါ်မြစိမ်း မိသားစုက ဥက္ကလာပစေတီတော် ဝိပဿနာ တရားစခန်း နှစ်ထပ်ယောဂီဆောင် ဆောက်လုပ်ရန်အတွက် ငွေကျပ် တစ်သိန်းကို ဥက္ကလာပစေတီတော် မဟာမုနိဓမ္မာရုံကြီးတွင် စက်တင်ဘာ ၈ရက်က လှူဒါန်းရာ ဂေါပကအဖွဲ့ အတွင်းရေးမှူးဦးမျိုးဝင်းက လက်ခံ ရယူစဉ်။ (၂၀၀)

ဝိပဿနာတရားဟောကြားမည်

ရန်ကုန် စက်တင်ဘာ ၁၁

တာမွေမြို့နယ် ဆုတောင်းပြည့် နန္ဒဝန်စေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော ဝါတွင်း ဓမ္မသဘင်ကို နန္ဒဝန်စေတီတော်၌ စက်တင်ဘာ ၁၃ရက် (ဝါခေါင်လကွယ်နေ့) ညနေ ၅နာရီတွင် ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာ ပြည်တွင်းပြည်ပ နာယကဆရာတော် ဘဒ္ဒန္တ ကုသလာနန္ဒ (မုဒုံဆရာတော်) အရှင်သူမြတ်က မဟာသတိပဋ္ဌာန် ဝိပဿနာတရား တော်များ ဟောကြားချီးမြှင့်မည်ဖြစ် ကြောင်းသိရသည်။ **(က-ပ)**

မြတ်စွာဘုရား၏ ... ရဓမ္မဝတီ (ဘဒ္ဒန္တ ...)

ဘာသာရေးပြဿနာများ

အတွဲ (၁) မှ (၅) အထိ ၁ တွဲလျှင် ကျပ် ...

ငွေလှူဒါန်း

အမှတ် ၂၁၃ ကာယသုခ အတွင်းလမ်း (၂/က) စံပြရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေ ဦးသန်းရွှေ-ဒေါ်လှရင်မိသားစုတို့က ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် ကျပ်တစ်သိန်းကို လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေး အဖွဲ့ဝင် ဦးတင်မောင်ဝင်းက လက်ခံယူစဉ်။ (က-ပ)

ဂျူး

နံရံ၏အခြားတစ်ဖက်

ဖုန်း ...

ပန်းဝါသနာရှင်အသင်း သင်တန်းများဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၁၁

မြန်မာနိုင်ငံ ပန်းဝါသနာရှင် အသင်းက ကြီးမှူး၍ စီးပွားဖြစ် သစ်ခွစိုက်ပျိုးနည်းသင်တန်း အမှတ်စဉ် (၂/၂၀၀၄)ကို ၂၀၀၄ခုနှစ် အောက်တိုဘာ ၄ရက်မှ ၁၅ရက်အထိ လည်းကောင်း၊ အဆင့်မြင့် ပန်းအလှပြုပြင်မှုသင်တန်း အမှတ်စဉ် (၂/၂၀၀၄)ကို ၂၀၀၄ ခုနှစ် အောက်တိုဘာ ၁၈ရက်မှ ၃၀ရက်အထိလည်းကောင်း ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်းရှိ ပြည်ထောင်စု အေးရိပ်ငြိမ်ခန်းမဆောင်၌ ဖွင့်လှစ်ရန် စီစဉ်ထားသည်။

စီးပွားဖြစ် သစ်ခွစိုက်ပျိုးနည်း သင်တန်း အမှတ်စဉ် (၂/၂၀၀၄) ကို သင်တန်းသား သင်တန်းသူ ၆၀ဖြင့် ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းကြေး အဖြစ် အသင်းဝင်များနှင့် အစိုးရ ဝန်ထမ်းများအတွက် တစ်ဦးလျှင် ကျပ် ၈၀၀၀၊ ပြင်ပပုဂ္ဂိုလ်များ အတွက် တစ်ဦးလျှင် ကျပ်၉၀၀၀ သတ်မှတ်ထားပြီး သတ်မှတ်ရက် အတွင်း နေ့စဉ်နံနက် ၉နာရီမှ ညနေ ၄ နာရီအတွင်း ဖွင့်လှစ်မည်ဖြစ်သည်။

အဆင့်မြင့် ပန်းအလှပြုပြင်မှုသင်တန်း အမှတ်စဉ်(၂/၂၀၀၄)ကို အခြေခံ ပန်းအလှပြုပြင်မှုသင်တန်းဆင်းပြီးသူ သင်တန်းသား သင်တန်းသူ ၅၀ ဖြင့် သတ်မှတ်ရက်အတွင်း နေ့စဉ်မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီအထိ ဖွင့်လှစ် မည်ဖြစ်ရာ သင်တန်းကြေးအဖြစ် အသင်းဝင်များနှင့် အစိုးရဝန်ထမ်း များအတွက် တစ်ဦးလျှင်ကျပ်၇၀၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက် တစ်ဦးလျှင် ကျပ် ၈၀၀၀ သတ်မှတ်ထားသည်။

သင်တန်းများ တက်ရောက်လိုသူ များသည် ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံး ဖုန်း-၃၇၉၃၆၁ သို့ ဆက်သွယ်စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်းသိရသည်။ **(၃၀၈)**

အုတ်ဖို အထက နှစ်(၅၀)ပြည့် ရွှေရတုသဘင်ပွဲတော်ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၁

ပဲခူးတိုင်း(အနောက်) အုတ်ဖိုမြို့ အခြေခံပညာအထက်တန်းကျောင်း၏ ၁၉၅၄ ခုနှစ်မှ ၂၀၀၄ ခုနှစ် အထိ နှစ်(၅၀)ပြည့် ရွှေရတုသဘင်ပွဲတော် ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီကို ဥက္ကဋ္ဌ ဦးပန်းအောင် (ကျောင်းအုပ် ဆရာကြီး အထက၊ အုတ်ဖို) နှင့် အတွင်းရေးမှူး ဦးချစ်နိုင် (ကျောင်း အကျိုးတော်ဆောင်)တို့ဖြင့် ဖွဲ့စည်း ပြီးနောက် ရွှေရတုသဘင်ပွဲတော်ကို အုတ်ဖိုမြို့ အခြေခံပညာအထက်တန်း ကျောင်းတွင် ဒီဇင်ဘာ ၂၄ရက်မှ ၂၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ကျင်းပရေးနှင့် စပ်လျဉ်း၍ ရပ်ဝေးရောက် ကျောင်း သား ကျောင်းသူများအနေဖြင့် အသေး စိတ် သိရှိလိုပါက ဒုတိယဗိုလ်မှူးကြီး တင်ကြိုင် ဖုန်း-၆၈၀၉၁၃၊ ဒုတိယ ဗိုလ်မှူးကြီးအေးသန်းထွန်း(ငြိမ်း) ဖုန်း-၆၆၂၅၁၈၊ ဦးတင်ညို ဖုန်း-၅၄၁၉၆၁၊ ဒုတိယဗိုလ်မှူးကြီးသန်းထွေး(ငြိမ်း) ဖုန်း- ၆၅၀၁၉၇ နှင့် ဦးညိုမြင့်မောင် ဖုန်း-၇၂၇၉၅၃ အုတ်ဖိုမြို့နယ်အသင်း (ရန်ကုန်) တို့ထံတွင် လည်းကောင်း၊ ဦးလှကြည်(ဥက္ကဋ္ဌ၊ မြို့နယ်မော်တော်ယာဉ်အသင်း)၊ ဦးရဲဝင်း (ဖွံ့သီဟ ဆောက်လုပ်ရေးပစ္စည်းဆိုင်) နှင့် ဦးပိုးပိုး (ပုညဝတီ စာပုံနှိပ်တိုက်၊ အုတ်ဖိုမြို့)တို့ထံတွင် လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရ သည်။ **(က-ပ)**

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက် NDCG ၏ နှစ်ပတ်လည်အထွေထွေ အစည်းအဝေး ကျင်းပမည့်ရက်ကြေညာခြင်း

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက်၏ ဆဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီး ကို ၂၀၀၄ခုနှစ် စက်တင်ဘာလ နောက်ဆုံးပတ်ခန့်တွင် ကျင်းပ ပြုလုပ်ရန်စီစဉ်လျက်ရှိပါကြောင်းနှင့် ယင်းအစည်းအဝေးကြီး ပြီးသည်နှင့် ယမန်နှစ်ကဲ့သို့ပင် အစုပေါ်အမြတ်ငွေများကို ဆက်လက်ခွဲဝေထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

အစည်းအဝေး ကျင်းပမည့်နေရာ၊ နေ့ရက်နှင့်အချိန် အတိ အကျကို ထပ်မံကြေညာ အသိပေးမည်ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် မိုးရေချိန်

၁၀-၉-၂၀၀၄

ရန်ကုန်မြို့လယ်
၁ ဒသမ ၅၇ လက်မ
ကမ္ဘာအေး
၀ ဒသမ ၉၄ လက်မ
မင်္ဂလာဒုံ
၀ ဒသမ ၃၂ လက်မ

အာဟာရဖွံ့ဖြိုးရေးလှုပ်ရှားမှု ရက်သတ္တပတ် အဖြစ် စက်တင်ဘာ၆ရက်က သဃ်္ဃန်းကျွန်း အမက (၂၉) တွင် ဦး ဝင်း ထိန်-ဒေါ် ဆွေ ဆွေ အောင် တို့၏သမီး မခိုင်မာထွန်း (Grade 1B) ၏ မွေးနေ့ အလှူအဖြစ် ကြာဆံချက် အာဟာရကို တစ်ကျောင်းလုံး တိုက်ကျွေးရာ ကျောင်းအုပ်ဆရာမကြီးဒေါ်မာလာနွယ်နှင့် ဆရာမများက ကြီးကြပ်ဆောင်ရွက်ပေးစဉ်။(က-ပ)

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဦးစီးဌာန ဗဟိုဆေးသိုလှောင်ရေးဌာနသည် ဆေးရုံသုံး စက်ကိရိယာများကို ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါများကို တင်သွင်းနိုင် ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံများကို ဒုတိယညွှန်ကြားရေးမှူး (ဆေးပစ္စည်း)၊ ဗဟိုဆေး သိုလှောင်ရေးဌာနရုံးခန်း၊ အမှတ် ၅၇၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်တွင် (၁၄-၉-၂၀၀၄) ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

ချိပ်ပိတ်တင်ဒါများကို ဒုတိယညွှန်ကြားရေးမှူး(ဆေးပစ္စည်း)၊ ဗဟိုဆေး သိုလှောင်ရေးဌာနရုံးခန်းသို့ (၂၈-၉-၂၀၀၄)ရက်နေ့ မွန်းလွဲ ၂ နာရီထက် နောက်မကျစေဘဲ တင်သွင်းရမည်ဖြစ်ပြီး နောက်ကျတင်သွင်းလာသော ချိပ်ပိတ်တင်ဒါများကို လက်ခံမည်မဟုတ်ပါ။

အသေးစိတ်အချက်အလက်များကို ဒုတိယညွှန်ကြားရေးမှူး(ဆေးပစ္စည်း) ဖုန်း-၃၇၁၉၆၉သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဗဟိုဆေးသိုလှောင်ရေးဌာန၊ ကျန်းမာရေးဦးစီးဌာန။

VICTORIA
FANCY SHOP
ရွှေပုန်းညက်ရိပ်မွန်၊ ဘုရင့်နောင်လမ်းမ၊ ကမာရွတ်မြို့နယ်။
Open Daily - 9:00 Am ⇔ 9:00 Pm
☎ 515136, 505614

VICTORIA HYPER MART
EXCEL SHOPPING MALL (BASEMENT)
ရွှေဂုံတိုင်လမ်းဆုံ၊ ဗဟန်းမြို့နယ်။
• Promotion ကာလအား 18-9-2004 ထိ တိုးမြှင့်လိုက်ပါသည်။
Open Daily-9:00 Am ⇔ 9:00 Pm
☎703778,559377, Ext : 6171

“အနာဂတ်လူငယ်များ” သုတပဒေသာစာကြည့်တိုက် ဖွင့်ပွဲကျင်းပ အရာတော်မြို့နယ်၌ အလှူရှင်များက စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

အရာတော် စက်တင်ဘာ ၇

မုံရွာခရိုင် အရာတော်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဩဂုတ်၂၉ရက်က မကျီးကန်ကျေးရွာ “အနာဂတ်လူငယ်များ သုတပဒေသာ”စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

ဖဲကြိုးဖြတ်

ရှေးဦးစွာ အနာဂတ်လူငယ်များ သုတပဒေသာ စာကြည့်တိုက်ကို မြို့နယ် အတွင်းရေးမှူး ဦးစိုးစိုးအောင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးစိုးမိုးနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းလွင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဓါတ်ပုံ)** ထို့နောက် စာအုပ်အလှူရှင် ခုနစ်ဦးတို့က သုတ၊ ရသ စာအုပ်မျိုးစုံ အုပ်၂၀၀ ပေးအပ်လှူဒါန်းကြရာ ကျေးရွာ ဥက္ကဋ္ဌက လက်ခံရယူသည်။

(မြို့နယ်ပြန်/ဆက်)

ဖဲကြိုးဖြတ်ဖွင့်

မိုးညှင်းမြို့နယ် ထန်းတပင်ကျေးရွာ အလင်းသစ် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ ၁ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမာန်ငိုင်းနှင့် ရွာသစ်ကုန်းကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးခင်မောင်ညွှန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိသင့်သည်

✳ **ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ဆက်သွယ်ပါ။**

✳ **ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ ရသစာအုပ်များလှူဒါန်းနိုင်ပါသည်။**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက် စဉ့်ကူးမြို့နယ်၌ဖွင့်

စဉ့်ကူး စက်တင်ဘာ ၃

ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် ပျဉ်းပင်ကျေးရွာတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ကို ဩဂုတ်၁၁ရက်က ဖွင့်လှစ်ပေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ပျဉ်းပင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောထွဋ်နောင်နှင့် ပျဉ်းပင်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ရည်ရွယ်ချက်ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောထွဋ်နောင်က ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များ၏ လုပ်ငန်းများနှင့် စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျေးလက် သတင်းနှင့် မြင်ကွင်း

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ် စာပေ လေ့လာစို့။

အိမ်မဲမြို့ စပါးပျိုးခင်း ငါးမျိုးစိုက်ထည့်

အိမ်မဲ စက်တင်ဘာ ၃

အိမ်မဲမြို့နယ် သာကွင်းကျေးရွာအုပ်စုတွင် စပါးစိုက်ခင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၁၂ ရက်က ကျင်းပသည်။

မျိုးထည့်ပေး

အဆိုပါအခမ်းအနားသို့ အိမ်မဲမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးနိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးသန်းအောင်နှင့် ဒေသခံ တောင်သူများ၊ ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ် ဦးစီးဌာနမှူး ဦးစိုးသိန်းနှင့် ဝန်ထမ်းများက မိုးစပါးစိုက်ခင်း ဧက ၂၅၀ အတွင်း ငါးခုံးမကြီးနှင့် တီလားဗီးယား ကောင်ရေ ၁၂၀၀၀၀ ကို မျိုးစိုက်ထည့်ပေးကြသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

စာတတ်သူတိုင်း စာဖတ်ဖို့ စာကြည့်တိုက်များ ထူထောင်စို့

ရေစကြိုမြို့ကျန်းမာရေးမျိုးဆက်ပွားဆရာဖြစ်သင်တန်းဖွင့်

ရေစကြို စက်တင်ဘာ ၂

ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ကျန်းမာရေးမျိုးဆက်ပွားဆိုင်ရာ ဆရာဖြစ်သင်တန်းဖွင့်ပွဲအခမ်းအနားကို မြို့နယ်ပြည်သူ့ဆေးရုံသင်တန်းခန်းမ၌ဩဂုတ်၂၆ရက်ကကျင်းပရာ ဆရာဝန်ကြီး ဦးမြင့်အောင်က ကျန်းမာရေး မျိုးဆက်ပွားဆိုင်ရာ ပညာပေး ဟောပြောသည်။

ဆက်လက်၍ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုချို နွယ်က ကျန်းမာရေးမျိုးဆက်ပွားဆိုင်ရာ ဆရာဖြစ်သင်တန်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ **(ဓါတ်ပုံ)** အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့်ကျေးရွာအုပ်စုများမှသင်တန်းသား၊ သင်တန်းသူ ၄၅ဦး တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

သထုံခရိုင်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

သထုံ စက်တင်ဘာ ၅

သထုံခရိုင်အတွင်းရှိ သထုံမြို့နယ်၊ ကျိုက်ထိုမြို့နယ်၊ ဘီးလင်းမြို့နယ်နှင့် ပေါင်မြို့နယ်များမှ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၃၀၃ ဦးအား ဆုချီးမြှင့်ပွဲအခမ်းအနားကို သြဂုတ် ၃၁ရက် နံနက် ၁၀ နာရီက သထုံမြို့ သုဝဏ္ဏခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သော်ဇင်က အမှာစကားပြောကြားပြီး သထုံခရိုင်အတွင်း အောင်ချက်အကောင်းဆုံးကျောင်း ပထမဆုရ အထက(ခွဲ)နတ်ကြီးချောင်ကျောင်း၊ ဒုတိယဆုရ အထက(ခွဲ) မရမ်းကုန်းကျောင်း၊ တတိယဆုရ သထုံ အထက(၂)ကျောင်းတို့အား ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သော်ဇင်က ဆုများချီးမြှင့်သည်။

ဆက်လက်၍ အကောင်းဆုံး သင်ကြားပြသပေးခဲ့သည့် ဆရာဆရာမများအား ဆုချီးမြှင့်ခြင်း၊ ဘီးလင်းမြို့နယ် အထကမှ ခြောက်ဘာသာဂုဏ်ထူးရှင် မဝင်းမို့မို့အောင် **(အပေါ်ပုံ)**နှင့် သထုံမြို့နယ် အထက(၂)မှ ငါးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ သထုံခရိုင်အတွင်းမှ လေးဘာသာ၊ သုံးဘာသာ၊နှစ်ဘာသာ၊ တစ်ဘာသာဂုဏ်ထူးရှင် ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၃ဦးအား တာဝန်ရှိသူအသီးသီးက ဆုများချီးမြှင့်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျောက်ကြီးမြို့တွင် ရှေးရိုးစဉ်လာမပျက် ရှင်ဥပဂုတ္တပူဇော်ပွဲကျင်းပမည်

ကျောက်ကြီး သြဂုတ် ၃၀

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ်တွင် (၁၁၆)ကြိမ်မြောက် ရှေးရိုးစဉ်လာမပျက် ကျင်းပမြဲဖြစ်သော ရှင်ဥပဂုတ္တရဟန္တာ မီးမျှောပူဇော်ပွဲနှင့် မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲကို ၁၃၆၆ ခုနှစ် တော်သလင်းလဆန်း ၈ရက်မှ လပြည့်နေ့အထိ ကျင်းပမည်ဖြစ်သည်။

ပွဲတော်အား ဦးစီးနာယက အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးတင်အောင်နှင့် နာယကအဖွဲ့ဝင်များ၊ ဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမျိုးကျော်၊ အတွင်းရေးမှူး ဦးထိန်ဝင်းနှင့် ကော်မတီဝင် ၂၀ ပါဝင်သော ကျင်းပရေးကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်းလျက် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဧည့်ခံမည်

ပွဲတော်တွင် မြန်မာ့ရိုးရာ အမျိုးသား အမျိုးသမီး လှေလှော်ပြိုင်ပွဲများ၊ ရေကူးပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲနှင့် ဘောလုံးပြိုင်ပွဲတို့ပါဝင်ပြီး ရှေးရိုးရာမြန်မာ့အနုပညာ တစ်ရပ်ဖြစ်သည့် လှေတက်ရေးပြအလှနှင့် အကတို့ဖြင့် ဧည့်ခံတင်ဆက်ကြမည်ဖြစ်သည်။ **(၂၁၁)**

တိုင်းတာဆောင်ရွက်

လှိုင်ကော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အစိုးရနည်းပညာကောလိပ်သို့ ရေပေးဝေခြင်းလုပ်ငန်းဆောင်ရွက်ရန် အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ်မှုဖြင့် တာဝန်ခံ အင်ဂျင်နီယာနှင့်အဖွဲ့က ရေပိုက်လိုင်းမြောင်းမြေတူးဖော်ခြင်းအတွက် သြဂုတ် ၃၀ရက်က တိုင်းတာဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

(၈၄)ကြိမ်မြောက်သွေးလှူဒါန်း



ရန်ကုန် စက်တင်ဘာ ၁၁

မော်လမြိုင်မြို့တောင်ဝိုင်း ဓမ္မရက္ခိတဆရာတော် ချင်းတွင်းအရှင်ကလျာဏ လူမှုထူးချွန်(ဒုတိယဆင့်) **(အပေါ်ပုံ)** သည် အလုံမြို့နယ် ကလေးဆေးရုံကြီး သွေးလှူဘဏ်တွင် စက်တင်ဘာ ၆ ရက်က (၈၄)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**



သြဂုတ်၂၀ရက်က ရေးမြို့ အဝင် တနင်္သာရီလမ်းမကြီး ဘေးဝဲယာတွင် အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် ဒုဦးစီးမှူး (အခွန်) ဦးသိန်းသန်းစိုး ဦးဆောင်သောအဖွဲ့ဝန်ထမ်းများ လမ်းဘေးဝဲယာရှိ ပေါင်းမြက်များရှင်းလင်းခြင်း၊ ရာသီပန်းနှင့် ရွက်လှမျိုးစုံ စိုက်ပျိုးရန် မြေပြုပြင်ခြင်း လုပ်ငန်းကို စုပေါင်းဆောင်ရွက်ကြစဉ်။ (က-ပ)

ပဲခူးတိုင်းထွေ/အုပ် ဝန်ထမ်းနှင့် မိသားစုဝင်များ အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲကျင်းပ

ပဲခူး စက်တင်ဘာ ၄

ပဲခူးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ ဖွဲ့စည်းခြင်းနှင့် ပဲခူးတိုင်း၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းနှင့်မိသားစုဝင်များ၏ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသား အဆိုပြုလွှာပေးအပ်ပွဲအခမ်းအနားကို သြဂုတ် ၂၇ ရက်က ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်း၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းနှင့် မိသားစုများ၏ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ၁၀၀ ၏ အဆိုပြုလွှာများကို ပဲခူးတိုင်းအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲနာယက ဒေါ်ခင်မော်မော်ထံသို့ ပဲခူးတိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်လှက ပေးအပ်ပြီး**(အောက်ပုံ)** အလုပ်အမှုဆောင်အဖွဲ့ဝင် ၁၅ဦး ပါဝင်သော ပဲခူးတိုင်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲကို ဖွဲ့စည်းကြသည်။ **(ခရိုင် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ပညာသင်ထောက်ပံ့ပစ္စည်း ပေးအပ်ပွဲကျင်းပ

တာချီလိတ် သြဂုတ် ၃၀

တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် အောင်မြတ်ခန်းမတွင် သြဂုတ် ၁၆ ရက် နံနက် ၉နာရီက တာချီလိတ်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသည့် အဋ္ဌမအကြိမ် ချို့တဲ့ပညာကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ပစ္စည်း ပေးအပ်ပွဲအခမ်းအနားကို ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေးက အဖွင့်အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဒေါ်တင်တင်လှက ချို့တဲ့ကျောင်းသား ကျောင်းသူများ ပညာသင် ထောက်ပံ့ပစ္စည်း ပေးအပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလှူရှင် ၃၃ဦးတို့က မြို့ပေါ်ကျောင်း ၁၃ကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၆၈ဦးတို့အတွက် အလှူငွေ ၃၆သိန်းကို လှူဒါန်းရာ တာဝန်ရှိပုဂ္ဂိုလ်များက လက်ခံရယူကြသည်။ **(ခရိုင် ပြန်/ဆက်)**

သြဂုတ်၂၀ရက်က ဘီးလင်းမြို့တွင်း လမ်းတစ်လျှောက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ပန်းအလှပင်များ စိုက်ပျိုးခြင်း ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

သြဂုတ် ၂၀ ရက်က မြန်အောင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် လက်ပံရပ်လမ်းနှင့် အလယ်ရပ်လမ်းကြားရှိ မြေထိန်းနံရံအတွင်း ပန်းအလှပင်များ ပုံဖော်စိုက်ပျိုးမှုကို အဖွဲ့အမှုဆောင်အရာရှိ ဦးမိုးဟိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ကိုကိုတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ရွှေခရမ်းအထွေထွေစီးပွားရေးလုပ်ငန်း ဘဏ္ဍာရေးဆိုင်ရာစည်းဝေး

ခရမ်း စက်တင်ဘာ ၃

ရန်ကုန်(တောင်ပိုင်း)ခရိုင် ခရမ်းမြို့နယ် ရွှေခရမ်းအထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းစု လီမိတက်၏ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို သြဂုတ် ၂၇ရက်က ရွှေခရမ်းသမဝါယမ စတိုးရုံးခန်းမတွင်ကျင်းပရာ သဘာပတိအဖြစ် သမဝါယမအသင်းစုဥက္ကဋ္ဌဦးချိုက ပြုလုပ်ဆောင်ရွက်ပြီး အုပ်ချုပ်မှုဒါရိုက်တာ ဦးချစ်ညွန့်က လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

အစီရင်ခံစာအပေါ် အသင်းဝင်များ၏ အကြံပြုဆွေးနွေးမှုများနှင့် ပတ်သက်ပြီး အသင်းစုဥက္ကဋ္ဌဦးချိုက ပြန်လည်ရှင်းလင်းတင်ပြသည်။ **(၂၈၃)**

ချင်းရွှေဟော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်ခြင်း လုပ်ငန်းအား ရှမ်းပြည်နယ် (မြောက်ပိုင်း)စည်ပင်သာယာ ညွှန်ကြားရေးမှူး ဦးကြီးမြင့်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေတို့ သြဂုတ် ၇ရက်က ကြည့်ရှုစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

ညောင်တုန်းမြို့နယ်အတွင်း ဝါဆိုသီလရှင်များအား အလှူရှင်များ စုပေါင်းဝတ်စုံ လှူဒါန်းပွဲကျင်းပ

ညောင်တုန်း စက်တင်ဘာ ၉

ညောင်တုန်းမြို့နယ်အတွင်းရှိ ဝါဆိုသီလရှင်များအား အလှူရှင်များ စုပေါင်းလှူဒါန်းသော ဒုတိယအကြိမ် ဝါဆိုသီလရှင် ဝတ်စုံလှူဒါန်းပွဲကို ရွှေဘုန်းပွင့်တန်ဆောင်းတော်ကြီးတွင် ဩဂုတ် ၃၀ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ကျောင်းကြီးကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဥတ္တမစာရထံမှ ကိုးပါး သီလခံယူကြပြီး ညောင်တုန်းမြို့နယ် သာသနာ့နွယ်ဝင် သီလရှင်များအား ဝတ်စုံလှူဒါန်းရေးအဖွဲ့ဥက္ကဋ္ဌဦးအောင် ခိုင်နှင့် အတွင်းရေးမှူး ဦးခင်မောင်ညို တို့က ဝါဆိုသီလရှင်ဝတ်စုံ လှူဒါန်းရ ခြင်းအကြောင်းကို ရှင်းလင်းလျှောက် ထားသည်။

လှူဒါန်းမှုအစုစု

ထို့နောက် ညောင်တုန်းမြို့နယ် အတွင်းရှိ သီလရှင်ကျောင်းတိုက် အသီးသီးမှ ဝါဆိုသီလရှင် ၈၆ပါးတို့ အား ဝတ်စုံ ၂၀၂ စုံ၊ စောင်၁၀ ထည်၊ ခြင်ထောင် လေးလုံးတို့ကို လှူဒါန်း ကြရာ လှူဒါန်းမှုအစုစု တန်ဖိုးမှာ ကျပ် ၆၅၅၇၀၀ ဖိုးရှိကြောင်း သိ ရသည်။ **(အပေါ်ပုံ)** (၀၉၈)

တောင်ငူမြို့ ဗိုလ် မှူး ဖိုး ကွန်း လမ်း(၁၆)ရပ်ကွက် အမှတ် ၃၄နေ သီရိ သုမေ္ဓသီဂီ၊ အဂ္ဂ မဟာ သီရိမေ္ဓသီဂီ ရွှေနှင်းဆီဒေါ်အုန်း ခင်က ဩဂုတ် ၃၀ ရက်က တောင်ငူ မြို့ အထွေထွေ ရောဂါကု ပြည်သူ့ ဆေးရုံကြီးခန်းမ၌ ဆေးပဒေသာပင် အတွက် ငွေကျပ် ၁၀ သိန်းနှင့် ငွေကျပ်သိန်း ၄၀တန် နှလုံးနှိုးစက်တို့ကိုလှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မြင့်မြင့်သန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (၀၃၀)

သံဖြူဇရပ်မြို့နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး

အခြေခံပညာအဆင့် ပြိုင်ပွဲ၊ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

သံဖြူဇရပ် စက်တင်ဘာ ၅

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပညာရေးမှူးရုံးတွင် ကျင်းပသော ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး(အခြေခံပညာအဆင့်)ပြိုင်ပွဲဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၈ ရက်က သံဖြူဇရပ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဦးက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး **(အောက်ပုံ)** မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဦးနှင့် အမှတ်ပေးဒိုင်ချုပ် အထက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမူတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုရ ကျောင်းသားကျောင်းသူများအား ဆုပေးပွဲကျင်းပရာ မြို့နယ် ပညာရေးမှူး ဦးခင်မောင်ဦး၊ ကျင်းပရေးကော်မတီ အတွင်း ရေးမှူး၊ အမှတ်ပေးဒိုင်ချုပ် အထက(၁)ကျောင်းအုပ်ဆရာမ ကြီး ဒေါ်အေးအေးမူနှင့် အထက်တန်းကျောင်းအုပ်ဆရာ ကြီး၊ ဆရာမကြီးများက ဆုများကို အသီးသီးပေးအပ် ချီးမြှင့်သည်။ **(၁၆၈)**

အမြို့မြို့ အနယ်နယ်တွင် ပညာရည်ချွန်ဆုချီးမြှင့်

စက်တင်ဘာ ၄ရက်က သာ ကေတမြို့နယ် အမှတ်(၃) အခြေခံ ပညာ အထက်တန်းကျောင်း၏ ၂၀၀၃-၂၀၀၄ခုနှစ် မိဘဆရာ အသင်း နှစ်ပတ်လည်အစည်း အဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ တက္ကသိုလ်ဝင်တန်း စာမေးပွဲ ငါးဘာသာဂုဏ်ထူးရှင် မောင်ဇော်ကိုကိုအား ကျောင်းအုပ် ဆရာမကြီး ဒေါ်ဆွေဆွေဝင်းက ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (က-ပ)

ဩဂုတ်၃၁ရက်က စမ်းချောင်း မြို့နယ် အခြေခံပညာမူလတန်း ကျောင်းအမှတ်(၁၂)၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရည်ချွန်ဆု ပေးပွဲကို ကျောင်းခန်းမတွင်ကျင်းပ ရာ သူငယ်တန်းမှ စတုတ္ထတန်း အထိ ငါးနှစ်ဆက်တိုက် ပထမဆု ရ မဟန်သစ္စာအား ကျောင်းအုပ် ဆရာကြီး ဦးအောင်ချိုသန်းက ဂုဏ်ပြုထူးချွန်ဆု ချီးမြှင့်စဉ်။ (၁၂၉)

ထူးချွန်ဆု ချီးမြှင့်

အလက(၈) လှိုင်မြို့နယ် ၂၀၀၂-၂၀၀၃ ပညာသင်နှစ် မိဘ ဆရာအသင်းနှစ်ပတ်လည်အစည်း အဝေးနှင့် ပညာရည်ချွန်ဆု ပေးအပ် ပွဲ အခမ်းအနားကို ဩဂုတ်၂၁ ရက်က ကျင်းပရာ ထူးချွန်ဆုရ မောင်ဥက္ကာမော်ဦးအား ကျောင်း အုပ်ဆရာမကြီး ဒေါ်ကြည်ကြည် ခင်က ဆုချီးမြှင့်စဉ်။ (က-ပ)

ဆုချီးမြှင့်

ဩဂုတ်၃၁ရက်က အထက(၅) ကမာရွတ်မြို့နယ်၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ကျင်းပ ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြင်ကြင်အောင်က ပထမ တန်း ပထမဆုရရှိသော မောင်စိုး စံအောင်အား ဂုဏ်ပြုထူးချွန်ဆု ချီးမြှင့်စဉ်။ (က-ပ)

ဆု ချီး မြှင့်

ဩဂုတ်၂၈ရက် က အမက(၃) အင်းစိန် ၂၀၀၃-၂၀၀၄ ပညာသင် နှစ် အစည်းအဝေး နှင့် ပညာရည် ချွန် ဆုပေးပွဲ အခမ်းအနား ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ဇေဦးက သူငယ်တန်းမှ ဒုတိယတန်းအထိ ပထမဆုရ မနော်ဖြိုးအိမ့်အိမ့် ရှိန်အား ဆုချီးမြှင့်စဉ်။ (က-ပ)

ခေမာရာမကျိုင်းတုံကျောင်းတိုက်အလှူတော်မင်္ဂလာ ဖိတ်ကြားခြင်း

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ် ၆၃ ခေမာရာမကျိုင်းတုံ ကျောင်းတိုက်၌ ဆဋ္ဌမအကြိမ်မြောက် ဝေဿန္တရ ဇာတဓမ္မပူဇော်ခြင်း အလှူတော်မင်္ဂလာပွဲကို ထုံးတမ်းစဉ်လာနှင့်အညီ ၁၃၆၆ခုနှစ်၊ တော်သလင်းလဆန်း ၁၄ရက်နှင့် ၁၅ရက် လပြည့်နေ့၊ (၂၇-၉-၂၀၀၄နှင့်၂၈-၉-၂၀၀၄)ရက်များတွင် ကျင်းပမည်ဖြစ်ပါသဖြင့် ပါဝင်လှူဒါန်းကြပါရန်နှင့် အတူတကွ ရေစက်ချ တရားတော်နာယူကြပါရန် သပ္ပုရိသနွယ်ဝင် သူတော်စင်အပေါင်းတို့အား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဝေယျာဝစ္စအဖွဲ့
ခေမာရာမကျိုင်းတုံကျောင်းတိုက်
ကျိုင်းတုံအသင်း(ရန်ကုန်)။

တောင်သာမြို့နယ်အသင်း(ရန်ကုန်)
ပညာရည်ထူးချွန်သူများစာရင်းတောင်းခံခြင်း

၂၀၀၄ ခုနှစ် မတ်လတွင် ကျင်းပပြီးစီးခဲ့သော တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော အသင်းဝင်များ၏သားသမီးများအား နှစ်ပတ်လည်အစည်းအဝေး၌ ပညာရည်ချွန်ဆုချီးမြှင့်ရန်အတွက် အောက်ပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်စာရင်းပေးပို့ကြပါရန် နှိုးဆော်အသိပေးအပ်ပါသည်။

(၁) ဒေါက်တာခင်မောင်ဆွေ(ပါမောက္ခငြိမ်း)
အမှတ်(၁၀)၊ လမ်းဆက်လမ်း၊ တာမွေမြို့နယ်။
(၂) ဦးအောင်သောင်း(ပါမောက္ခငြိမ်း)
အမှတ်(၁၃)၊ ရတနာလမ်း၊ ၃ ရပ်ကွက်၊ ကမာရွတ်မြို့နယ်။
(၃) ဦးလူမော်
၁၄၄/B၊ ၈လွှာ၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်။

အမှုဆောင်အဖွဲ့
တောင်သာမြို့နယ်အသင်း(ရန်ကုန်)။

ပြည်ထောင်စုမြန်မာနိုင်ငံ
သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက် အမှတ်၊ ၄၂၂-၄၂၆၊ ဗိုလ်တထောင်ဘုရားလမ်းနှင့်ကမ်းနားလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
(၁၁)ကြိမ်မြောက် အရပ်ရပ်ဆိုင်ရာနှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားစာ

၁။ ပြည်ထောင်စုမြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်၏ (၁၁)ကြိမ်မြောက် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေးကြီးကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံးမပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

ကျင်းပမည့်နေ့ရက် - ၂၀၀၄ခုနှစ်၊ အောက်တိုဘာ(၁၅)ရက် သောကြာနေ့၊
ကျင်းပမည့်အချိန် - နံနက်(၉း၀၀)နာရီ
ကျင်းပမည့်နေရာ - တော်ဝင်ခန်းမ၊ သစ်တောဦးစီးဌာန (ရုံးချုပ်)၊အနောက်ကြို့ကုန်း၊ဘုရင့်နောင်လမ်း၊အင်းစိန်၊ရန်ကုန်မြို့။

၂။ သင်းဖွဲ့စည်းမျဉ်းအပိုဒ်(၈၂)အရ ဒါရိုက်တာအဖွဲ့သစ်ကို ရွေးချယ်မည်ဖြစ်ပါ၍ အစုရှယ်ယာစောင်ရေ(၂၀)နှင့်အထက်ဝယ်ယူပြီးသူ"ခ"အစုရှယ်ယာရှင်များအနေဖြင့် ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ရွေးချယ်ခံလိုပါက ဥက္ကဋ္ဌထံ လိပ်မူ၍ (၃၀-၉-၂၀၀၄)ရက်နေ့၊ (၁၆ း၃၀)နာရီနောက်ဆုံးထားပြီး အဆိုပြုလွှာများ ပေးပို့ကြပါရန် မေတ္တာရပ်ခံ အပ်ပါသည်။

၃။ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကြီးတွင် ပြည်ထောင်စုမြန်မာနိုင်ငံ၊ သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက်၏ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အကြံပြုခြင်း၊ မေးမြန်းခြင်းများ ပြုလုပ်လိုပါက စာဖြင့်ရေးသား၍ (၃၀-၉-၂၀၀၄)ရက်နေ့(၁၆း၃၀)နာရီ နောက်ဆုံးထားပြီး အထက်ပါလိပ်စာသို့ပေးပို့ကြပါရန်နှင့် အစည်းအဝေးကြီးတွင်နှုတ်ဖြင့်မေးမြန်းခြင်း၊အကြံပြုဆွေးနွေးတင်ပြခြင်းများကိုခွင့်ပြုမည်မဟုတ်ကြောင်း ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်အရ ကြိုတင်အသိပေးအပ်ပါသည်။ (၃၀-၉-၂၀၀၄)ရက်နေ့ နောက်ပိုင်းရောက်ရှိလာသည့် မေးမြန်းချက်များကို သီးခြားစာဖြင့် ပြန်ကြားပါမည်။

၄။ အစည်းအဝေးကြီးသို့ တက်ရောက်လာသည့်အခါ မိမိ၏ အစုရှယ်ယာလက်မှတ် (သို့မဟုတ်) အစုရှယ်ယာအတွက် ငွေရပြေစာ မူရင်းကို တစ်ပါတည်းယူဆောင်လာကြရန် လေးစားစွာပန်ကြားအပ်ပါသည်။

၅။ အစုရှယ်ယာရှင်ကိုယ်တိုင် မတက်ရောက်နိုင်ပါက အခြားအစုရှယ်ယာရှင် တစ်ဦးဦးကို ကိုယ်စားလှယ်အဖြစ် ခန့်ထားတက်ရောက်စေနိုင်ပါသည်။

၆။ အစုရှယ်ယာရှင် တစ်ဦးချင်းထံသို့ ဖိတ်စာနှင့် နှစ်ပတ်လည်အစီရင်ခံစာကို ပေးပို့လျက် ရှိပါသည်။ မရရှိပါက သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်း(ရုံးချုပ်)သို့ လာရောက်ထုတ်ယူနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

ရက်စွဲ၊ ၂၀၀၄ ခုနှစ် စက်တင်ဘာလ(၆)ရက် **ဒါရိုက်တာအဖွဲ့။**

ဒိုင်းမွန်းအချိုရည်နှင့် ရေခဲစက်
အမှတ် ၁၁၇ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်
ချိပ်ပိတ်တင်ဒါအမှတ် (၁/၂၀၀၄-၂၀၀၅)

ရောင်းချမည့်ပစ္စည်းများ ဓာတုဗေဒပစ္စည်း ၁၅မျိုး
တင်ဒါပေးသွင်းရမည့်ဌာန စီမံရေးဌာန
တင်ဒါပိတ်မည့်နေ့/အချိန် ၂၀၀၄ခုနှစ် စက်တင်ဘာလ ၂၁ရက်၊ (၁၃း၀၀)နာရီ

အသေးစိတ်သိလိုသော အချက်များကို စီမံရေးဌာနတွင် စုံစမ်းနိုင်ပါသည်။

စက်ရုံမှူး။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်မြတ်မင်း၏ နိုင်ငံကူး လက်မှတ်စာအုပ် ၃၅၉၈၂၉ ပန်းဆိုးတန်းလမ်းတွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပေးပို့ပါရန်။ **မြတ်မင်း**
ဖုန်း-၂၉၉၅၆၈။

အမည်ပြောင်း

အလုံ ဦးလူကလေးလမ်းနေ အဖ ဦးတင်ဇော်၏သမီး၊ မအိသန္တာ ၁၂/အလန (နိုင်) ၀၃၅၇၃၄ အား မအိသန္တာဇော်ဟု ပြောင်းလဲ ခေါ်ပါရန်။ **မအိသန္တာဇော်။**

ဖခင်အမည်မှန်

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျောက်တစ်လုံးမြို့နယ် အထက၊ ဒသမတန်းမှ ခွန်မောင်ဗုတ်၏ ဖခင်အမည်မှန်မှာ ဦးနန္တာ ၁၃/တကန(နိုင်)၀၉၂၀၂၄ ဖြစ်ပါကြောင်း။ **ဦးနန္တာ။**

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

1. Senior Accountant [B.Com,M.Com.CPA (or) R.A] ကျား/မ (၁)ဦး
   - စာရင်းစစ်/ လုပ်ငန်းအတွေ့အကြုံ (၁၀)နှစ်ရှိရမည်။
2. Junior Accountant [B.Com,LCCI Level II & III] ကျား/မ (၁)ဦး
3. Office Staff- Any gradurate ကျား/မ (၂)ဦး
4. Site Engineer [BE (Civil)] ကျား (၁)ဦး
   - ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိရမည်။
5. အငယ်တန်းအင်ဂျင်နီယာ
   - GTI (Civil) ကျား (၁)ဦး
   - GTI (Electrical) ကျား (၁)ဦး
   - GTI (Mechanical) ကျား (၁)ဦး
6. Computer Operator ကျား/မ (၂)ဦး
   - (မြန်မာ/အင်္ဂလိပ်) စာစီစာရိုက်ကျွမ်းကျင်ရမည်။
7. လက်ထောက်မန်နေဂျာ ကျား (၃)ဦး
   - တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိ၍ လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိရမည်။
   - လုပ်ငန်းလိုအပ်ချက်အရ နယ်သို့သွားနိုင်ရမည်။
8. Driver ကျား (၂)ဦး
   - Licene (၃)နှစ် သက်တမ်းရှိရမည်။

လျှောက်ထားလိုသူများသည် လိုင်စင်ဓာတ်ပုံတစ်ပုံနှင့်အတူ ကိုယ်ရေးရာဇဝင်အကျဉ်း၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်၊ ဆက်သွယ်ရန် လွယ်ကူသောဖုန်းနံပါတ် အပြည့်အစုံတို့အား ရန်ကုန်စာတိုက်သေတ္တာအမှတ် (၁၀၃)သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။



အမည်ပြောင်း

ဦးသက်ဇော်ဝင်း-ဒေါ်တင်မျိုးနွယ်၏သား အထက(၁)ကျောင်းကုန်းသတ္တမတန်း(A)မှ မောင်သူရိန်အား မောင်ဇော်လင်းနိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဇော်လင်းနိုင်။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၉၈၃၇၉ နှင့် ယ/၁၂၅၂၂ မော်တော်ဆိုင်ကယ်လက်ဝယ်ရှိသူက (ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ ရက်အတွင်း ကညန၊ ခရိုင်ရုံး(ပခုက္ကူ)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ခရိုင်ရုံး(ပခုက္ကူ)။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်ယ/၈၆၂လက်ဝယ်ရှိသူသည် ယာဉ်မှတ်ပုံတင်ပျောက် မိတ္တူလျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ရက် ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန ရှေ့တန်းရုံး၊ တာချီလိတ်မြို့သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

(ကညန)၊ရှေ့တန်းရုံး၊တာချီလိတ်မြို့။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဟ/၁၆၁၉(ဟီးနိုး၊ဟမ်းဘီး) လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ၁၅ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ခရိုင်ရုံး(ဟသ်ာတ)။

မိဘအမည်မှန်

အလက(၂)ဒဂုံတောင် ထ(၃) ကျောင်းခွဲ ဒသမတန်း(A)မှ မသီသီထွေး၏မိဘအမည်မှန်မှာ ဦးဟန်ဆွေ ၁၂/ဒဂတ(နိုင်)၀၂၂၄၁၃-ဒေါ်အေးဝင်း ၁၂/ဒဂတ(နိုင်)၀၂၂၄၁၄ ဖြစ်ပါသည်။

ကန့်ကွက်ရန်ကြော်ငြာ

အောက်ပါလျှောက်ထားသူအား နစ်လက်မအဝိစိတွင်းတစ်တွင်းတူးဖော်ခွင့်လိုင်စင်ထုတ်ပေးခြင်းကို မည်သူမဆို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှ ၁၄ ရက်ရုံးချိန်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) မြေအောက် ရေကြီးကြပ်မှုအရာရှိရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

လျှောက်ထားသူအမည်နှင့်နေရပ်လိပ်စာ
ဒေါ်ရီရီဝင်း၊ အမှတ်(၁၇၃/၂)၊ ယင်းမာ(၂)လမ်း၊ ၁၄/၃ မြင်သာရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

တူးဖော်မည့်နေရာ/ဦးပိုင်အမှတ် ၁၇၃/၂
အကွက်အမှတ် ၁၄/၃ မြင်သာ

သန်းသန်းစိုး
မြေအောက်ရေကြီးကြပ်မှုအရာရှိ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)။

ကန့်ကွက်ရန်ကြေညာခြင်း

ရွှေပြည်သာမြို့သစ် မြေတိုင်းရပ်ကွက် ၃၆/၅၃၀ အမည်ပေါက် ဦးလှမြင့်၏ ပါမစ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် ပါမစ်မိတ္တူလျှောက်ထားလိုပါ၍ ကန့်ကွက်လိုသူများ ကြေညာသည့်ရက်မှ ၇ ရက်အတွင်း (မြို့ရွာ/အိုးအိမ်)ဦးစီးဌာန (မြေ/ခွန်)ဌာနတွင် ကန့်ကွက်နိုင်ကြောင်းနှင့် ပါမစ်မူရင်းလက်ဝယ်ရှိသူအား တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေး ကြေညာအပ်ပါသည်။ **ဦးလှမြင့်**
MTA-၁၇၀၅၆၁။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ခ/၆၅၇၈ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ရန်ကုန်တိုင်း။**

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ကျပ်ငွေဖြင့်သာ ခန့်ထားရန်)

1. Manager (Administration/Sales & Marketing) ကျား/မ (၃) ဦး
2. Supervisor (Sales & Marketing) ကျား/မ (၂) ဦး
3. Chief Accountant မ (၁) ဦး
4. Assistant Accountant မ (၂) ဦး
5. Office Staff မ (၂) ဦး
6. Sales & Marketing Staff ကျား/မ (၅) ဦး
   (လူသုံးကုန်ပစ္စည်း-ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း)
7. Driver ကျား (၃) ဦး

အမှတ်စဉ်(၁)၊ (၂)၊ (၃) နှင့် (၄) အတွက် ဘွဲ့ရဖြစ်ရမည်။
အမှတ်စဉ်(၃) အတွက် B.Com/CPA နှင့်
အမှတ်စဉ်(၄) အတွက် LCCI Level III ဖြစ်ရမည်။
အမှတ်စဉ်(၅)၊ (၆) နှင့် (၇)အတွက် မိမိထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်အား ရိုးသားတက်ကြွစွာ ထမ်းဆောင်နိုင်သူဖြစ်ရမည်။
အမှတ်စဉ်အားလုံးအတွက် သက်ဆိုင်ရာလုပ်ငန်း အတွေ့အကြုံ(၂)နှစ် အထက်ရှိရမည်။

လျှောက်ထားလိုသူများသည် ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်(မိတ္တူ)၊ ဓာတ်ပုံ(၂)ပုံ၊ အိမ်ထောင်စုစာရင်း(မိတ္တူ)၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ရဲစခန်း ထောက်ခံစာ၊ ပညာအရည်အချင်းထောက်ခံစာ(မိတ္တူ)၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်၊ အခြားတင်ပြလိုသော စာရွက်စာတမ်းများနှင့်အတူ ရန်ကုန်စာတိုက်ကြီး၊ စာတိုက်သေတ္တာနံပါတ်(၇၃၅)သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

အမည်ပြောင်း

အဖဦးခင်မောင်မြင့်၏သမီး အထက (၄) တာမွေ နဝမတန်း(C)မှ မအေးမြင့်မြင့်စံ(ခ) HEMAအား ယနေ့မှစ၍ မဆုမြတ်ထက် (ခ) SNEHA ဟု ပြောင်းလဲခေါ်ပါရန်။
မဆုမြတ်ထက်(ခ)SNEHA။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ခ/၂၁၆၂ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။
ကညန၊ရန်ကုန်တိုင်း။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

စိန်ဝတ်မှုံကုမ္ပဏီလီမိတက်တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ဝန်ထမ်းများ အလိုရှိပါသည်။

Trainee Sales Representative ကျား (၁၅)ဦး
- အခြေခံပညာအဆင့်မြင့်တန်း အောင်မြင်ပြီးသူဖြစ်ရမည်။
- အသက်(၁၈-၂၈)နှစ်ကြားဖြစ်ရမည်။
- ယာဉ်မောင်းလိုင်စင်ရှိပြီး၊ မော်တော်ယာဉ်ကျွမ်းကျင်စွာ မောင်းနှင်နိုင်သူဖြစ်ရမည်။
- မြန်မာနိုင်ငံ၏ မည်သည့်ဒေသတွင်မဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ကြော်ငြာသည့်နေ့မှစ၍ ရက်သတ္တနှစ်ပတ်အတွင်း အလုပ်သမားမှတ်ပုံတင် မိတ္တူ၊ ဓာတ်ပုံတစ်ပုံ၊ အောင်လက်မှတ် Original များ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာမူရင်း(လွန်ခဲ့သော တစ်လအတွင်း ထောက်ခံချက်)များ ရယူ၍ လာရောက် လျှောက်ထားနိုင်ပါသည်။

စိန်ဝတ်မှုံ ကုမ္ပဏီလီမိတက်
အမှတ်(၁၅-၁၆)၊ ဗဟိုစည်အိမ်ရာ၊
လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့။

ဝမ်းနည်းကြေကွဲခြင်း
ဦးကြင်စိုး အသက်(၈၀)

စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးခင်စိုး-ဒေါ်မေမေခင် (အထက်တန်းပြ၊ ရေဆင်း)တို့၏ဖခင် ဦးကြင်စိုး အသက်(၈၀)သည် ၈-၉-၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဝန်ထမ်းများ။

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော လှိုင်မြို့နယ် လှိုင်မြင်းမိုရ်အိမ်ရာရှိတိုက်ခန်းအား အောက်ဖော်ပြပါ ပုဂ္ဂိုလ်မှရရှိထားပြီးဖြစ်ပါသည်။ ယခုအခါအဆိုပါတိုက်ခန်းအား ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသဖြင့် အမည်ပြောင်းလဲပေးခြင်းနှင့်ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

စဉ်	မူလပိုင်ရှင်အမည် မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးအောင်နိုင် ၁၀/ကထန(နိုင်) ၀၇၈၃၀၅	ဦးထိန်လင်း ၁၂/လမန(နိုင်) ၀၀၁၁၁၁	တိုက်-၁၅ အခန်း-၂၂ လှိုင်မြင်းမိုရ်အိမ်ရာ
၂။	ဒေါ်မီမီကျော် အိပ်ချ်အယ်လ်ဂျီ- ၀၂၄၄၉၇	ဒေါ်သီတာမြိုင် ၁၂/လမန(နိုင်) ၀၂၃၃၆၇	

ဌာနမှူး
အင်ဂျင်နီယာဌာန (အဆောက်အအုံ)

ခရသင်းခြောက်မျိုး အထူးကုသမားတော်ကြီး ဦးကျော်ဟိုး

ဆရာကြီး ဦးကျော်ဟိုးသည် သထုံမြို့ဘင်လှိုင်ရပ်မှ ရန်ကုန်သို့ ပြောင်းရွှေ့ပြီး မပျောက်ကင်းနိုင်သော ခရသင်းခြောက်မျိုးနှင့် အတက်ရောဂါ၊ ဝက်ရူးပြန်ခုနစ်မျိုးတို့ကို ကုသပေးနေပြီဖြစ်ကြောင်း ရပ်ဝေး၊ ရပ်နီးမှ ဝေဒနာရှင်များ သိရှိရန် ကြေညာအပ်ပါသည်။

ယခုတစ်ဖန် နေရောင်လင်းဆေးတိုက်မှ နန္ဒင်းခါး၊ ဘုမ္မရာဇာ၊ ဆင်တုံးမနွယ်သုံးမျိုးဖြင့် သွေးတိုး၊ ဆီးချို၊ လေငန်းရောဂါတို့ကို ဖိတ်ခေါ်လိုက်ပါသည်။

ဥပုသ်နေ့ပိတ်သည်။
နေရောင်လင်းဆေးတိုက် အမှတ် ၂၄/၂၊ဇင်ယော်လမ်း၊ (၁၄/၂)ရပ်ကွက်၊ မြင်သာအိမ်ရာ(၂)၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ဝမ်းနည်းကြေကွဲခြင်း
နော်သယ်တလေးဇာထူး(ခ)နော်ဖောနေ
အသက်(၅၃)နှစ်

နော်ဖောဒါးဒါးအယ်(JSM International Ltd.,Yangon)၏ မိခင် နော်သယ်တလေးဇာထူး (ခ) နော်ဖောနေသည် ၆-၉-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်း သိရသည့်အတွက် JSM International Ltd., Yangon ရုံးမှ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းပါကြောင်း။

JSM International Ltd., Yangon.

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မမ/၇၈၆၇ နှင့် မမ/၇၈၆၈ မော်တော်ယာဉ်လက်ဝယ်ရှိသူများက မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူ များသည် သတင်းစာတွင်ကြော်ငြာ သည့်ရက်မှ ၁၅ရက်အတွင်း ကညန(တိုင်းရုံး) မြိတ်မြို့သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန(တိုင်းရုံး)
မြိတ်မြို့၊တနင်္သာရီတိုင်း။

အထက(၂)ဗဟန်း(နန်ယန်)ကျောင်းသား/ သူဟောင်းများ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး ညှိနှိုင်းအစည်းအဝေးဖိတ်ကြားခြင်း

ကျွန်တော် ကျွန်မတို့၏ ဘဝများကို တောက်ပြောင်လာစေရန် မိဘများနှင့်ပူးပေါင်းကာ ဆရာ့ဝတ်ကျေပွန်စွာဖြင့် လမ်းညွှန်ပြသ၊ ပဲ့ပြင်ဆုံးမပေးခဲ့ကြပါသော သက်ပြည့်အငြိမ်းစားဆရာကြီး ဆရာမကြီးများအား တွေ့ဆုံဂါရဝပြုကန်တော့လိုပါသောကြောင့် အထက်ဖော်ပြပါ ရည်ရွယ်ချက်နှင့်အာသီသတို့ကို အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ အထက(၂)ဗဟန်း(နန်ယန်)တွင် ပညာသင်ယူခဲ့ကြသော ၁၉၆၆–၂၀၀၄ ကျောင်းသား/သူဟောင်း ညီအစ်ကိုမောင်နှမများအားလုံး တက်ရောက် ညှိနှိုင်းဆွေးနွေးပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် – ၂၆–၉–၂၀၀၄(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် – နံနက် ၁၁း၀၀ နာရီ
ကျင်းပမည့်နေရာ – အထက(၂)ဗဟန်းကျောင်း စည်းဝေးခန်းမ

အမှုဆောင်အဖွဲ့။

မုံရွာတက္ကသိုလ် ပဉ္စမအကြိမ်ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ မုံရွာတက္ကသိုလ်က ကျင်းပခဲ့သည့် အောက်ဖော်ပြပါ ပညာသင်နှစ်များ၏ (ဘွဲ့)စာမေးပွဲအသီးသီးကို ဖြေဆိုအောင်မြင်ခဲ့ပြီးသူများသည် မုံရွာတက္ကသိုလ် ပဉ္စမအကြိမ်မြောက် ဘွဲ့နှင်းသဘင် တက်ရောက်ရန်(သို့) အဝေးရောက်ဘွဲ့ယူရန်အတွက် ၂၀၀၄ခုနှစ် စက်တင်ဘာ ၃၀ရက်အထိ လျှောက်ထားနိုင်ကြသည်။

စဉ်	ပညာသင်နှစ်	စာမေးပွဲ	ဘွဲ့	စာစစ်ဌာန
၁။	၂၀၀၂–၂၀၀၃	ပုံမှန်/နောက်ဆက်တွဲ	ဝိဇ္ဇာ/သိပ္ပံ(ရိုးရိုးဘွဲ့)	မုံရွာတက္ကသိုလ် ရွှေဘိုဒီဂရီကောလိပ် ကလေးတက္ကသိုလ်
၂။	၂၀၀၃–၂၀၀၄	ပုံမှန်/နောက်ဆက်တွဲ	ဝိဇ္ဇာ/သိပ္ပံ(ရိုးရိုးဘွဲ့)	မုံရွာတက္ကသိုလ် ရွှေဘိုဒီဂရီကောလိပ်
၃။	၂၀၀၃–၂၀၀၄	ပုံမှန်	ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့)	မုံရွာတက္ကသိုလ် ရွှေဘိုဒီဂရီကောလိပ်
၄။	၂၀၀၃–၂၀၀၄	ပုံမှန်/နောက်ဆက်တွဲ	ဝိဇ္ဇာ/သိပ္ပံ(မဟာဘွဲ့) မဟာသုတေသနဘွဲ့	မုံရွာတက္ကသိုလ်

၂။ ဘွဲ့နှင်းသဘင်လျှောက်ထားသူ၏ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ (၁၅၀၀ိ/–) (ကျပ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့(၁၀၀၀ိ/–) (ကျပ်တစ်ထောင်တိတိ) ပေးသွင်းရပါမည်။

၃။ ဘွဲ့နှင်းသဘင်ကြေးငွေကို ကိုယ်တိုင်ပေးသွင်းလိုသူများသည် မုံရွာတက္ကသိုလ် ငွေလက်ခံဌာနသို့ ပေးသွင်းနိုင်ပါသည်။

၄။ ရပ်ဝေးမှပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်းဟုဖော်ပြပြီး ပါမောက္ခချုပ်၊ မုံရွာတက္ကသိုလ်သို့ လိပ်မူ၍ လျှောက်လွှာရှင်၏ **အမည်၊ ဘွဲ့ရစာမေးပွဲ ခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့် ခုနှစ်နှင့်လ၊ တက်ရောက်ခဲ့သော တက္ကသိုလ်/ဒီဂရီ ကောလိပ်နှင့် နေရပ်လိပ်စာအပြည့်အစုံကို တိကျစွာဖော်ပြရပါမည်။ (ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)**

၅။ လျှောက်ထားသူများသည် မုံရွာတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် နောက်ဆုံးရိုက်ကူးထားသော (၂" x ၁$\frac{၁}{၂}$")အရွယ် ဓာတ်ပုံသုံးပုံပူးတွဲ၍ လျှောက်ထားရပါမည်။

၆။ ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားကြသူများအတွက် အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ခြင်းတို့အတွက် ဆက်လက်ကြေညာပေးမည်ဖြစ်ပါသည်။

၇။ ၂၀၀၂–၂၀၀၃ ပညာသင်နှစ်မတိုင်မီက ဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

၈။ **တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများသည် ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များထုတ်ပေးသည့် အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။**

စိန်စိန်အေး
မော်ကွန်းထိန်း
မုံရွာတက္ကသိုလ်၊မုံရွာမြို့။



ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးဇော်ဝင်းအောင်(ငြိမ်း)–ဒေါ်ဦးဦးမြတို့၏မိခင်၊ ပါမောက္ခ ဒေါက်တာဦးမြသောင်း(ဆီးနှင့်ကျောက်ကပ်ခွဲစိတ်အထူးကုဆရာဝန်ကြီး)၏ဇနီး ဒေါက်တာဒေါ်ခင်သင်းရီ (သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး)(၇၄)နှစ်သည် ၂၇–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်မှူးမြင့်လွင်–ဒေါ်ဥမ္မာအောင်
မန္တလေး။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ခင်ဆွေ
အထက်တန်းပြဆရာမ
အသက်(၅၁)နှစ်

ဦးဘထွန်း (ကျောင်းအုပ်ဆရာကြီး၊ အထက–၃၊ မြစ်ကြီးနား)၏ဇနီးသည် ၃၁–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

ဦးကြည်ထွန်း–ဒေါ်လှစိန်
(စိန်ကြည်စတိုး)။

ဦးမြခိုင် (နိဗ္ဗာန်)
(LL.B တရားရုံးချုပ်ရှေ့နေ)
အသက်(၅၇)နှစ်

ပဲခူးတိုင်း၊ကဝမြို့နယ်၊နိဗ္ဗာန်ကျေးရွာနေ(ဦးထွန်းလှိုင်–ဒေါ်အုံးမေ)တို့၏သား၊ အမှတ် ၅၉၊ လှိုင်မြစ်လမ်း၊ ဈေးကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (ဦးအိန္ဒိ–ဒေါ်ခွေးမ)တို့၏သားသမက်၊ (ဦးမြသန်း–ဒေါ်သန်းရီ)၊ (ဦးသန်းဝင်း)–ဒေါ်ကြည်အောင်၊ ဦးတင်ဝင်း–ဒေါ်မြင့်မြင့်ကြည်တို့၏ညီ/မောင်၊(ဦးစိန်လှိုင်)–ဒေါ်မြညွန့်၊ ဦးထွန်းမြင့်–ဒေါ်အိမွှေ၊ ဦးအိကျူ–ဒေါ်အိးလန်း၊ ဦးမြင့်သိန်း–ဒေါ်အိးစန်း၊ဦးအုန်းကြိုင်–ဒေါ်ကျင်သန်းတို့၏ညီ/မောင်၊ဦးသန်းထွန်း–ဒေါ်မြမြ၊ ဦးသန်းနွဲ့ – ဒေါ်စန်းစန်းဝင်းတို့၏အစ်ကို၊ အမှတ် ၁၁၈၊ အောင်ဇေယျလမ်း၊ ဈေးကုန်းအနောက်ရပ်ကွက်၊ အင်းစိန်နေ(ဒေါ်မွှေးမွှေး) B.Sc (မြန္မာအပ်ချုပ်ဆိုင်)၏ခင်ပွန်း၊ မသီတာလင်း (တတိယနှစ်၊ဥပဒေ၊U.D.E)၊ မမြသူဇာ (စတုတ္ထနှစ်၊ ဥပဒေ၊ U.D.E)၊ (မမေသန်းခိုင်)၊ မခင်စန်းတင့်တို့၏ဖခင်သည် ၁၁–၉–၂၀၀၄ရက် ညနေ ၆း၂၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃–၉–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မေတင်
အသက်(၇၉)နှစ်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ် ၁၉ နေ (ဦးခင်ယုံ)၏ဇနီး၊ ဒေါက်တာသန်းထွန်း–ဒေါ်ကြည်ကြည်ဝင်း၊ ဦးအောင်ဆန်းဝင်း– ဒေါ်ခင်စန်းဝင်း၊ ဒေါ်ခင်ဌေးရီ (မြန်မာ့အာမခံ)၊ ဦးကြည်လှိုင် (ရန်ကုန်–မော်လမြိုင်ကုန်စည်ပို့ဆောင်ရေး)–ဒေါ်ခင်မေသစ်၊ (ဒေါ်ခင်မေယု)၊ဦးကျော်ဇေယျ–ဒေါ်လှရီ (Mi Casa Hotel)၊ ဒုတိယဗိုလ်မှူးကြီး သိန်းထွန်း(အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်)–ဒေါ်နွေဦးအောင်တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၁–၉–၂၀၀၄ရက် (စနေနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃–၉–၂၀၀၄ရက်(တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

Dr. Ignatius Tuan Khan Pau (B.V.S)
အသက်(၄၂)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့၊ မြို့မရပ်ကွက်နေ U Leo Deng Zahau (LEO Photo)–Daw Veronica Niang Khaw Hau တို့၏ဒုတိယသား၊ U Vung Lam Thang – ဒေါ်ချိုချိုမိုး၊ Sr. Emmanuela Niang Go Man (Pan Pauk)၊ Sr. Felicity Cin Lian Niang (Lum Bang)၊ Daw Man Zam Lun–U Suan Za En၊ U Lian Khan Sum–Daw Do Dim Ciin (လဝက၊ ဒဂုံမြို့သစ်အရှေ့ပိုင်း)၊ Daw Mang Khan Cing–UPum Khen Mang၊ Daw Dim Lam Ciin–U Cin Khaw Pau၊ Tg Kam Tung Mang၊ Lia Ciin Za Lun၊ Lia Hau Sian Muang တို့၏အစ်ကိုသည် ၁၀–၉–၂၀၀၄ရက် ည ၈း၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၂–၉–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ St. Francis of Assisi Church ၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (ကားများ ဘုရားကျောင်းမှအတူထွက်ခွာမည်ဖြစ်ပါကြောင်း။) ကျန်ရစ်သူမိသားစု။

ဦးအောင်မျိုးမြတ်
(အင်/ယာ)ယာ/အုံနှင့်ဈေးများဌာန (မြို့တော်စည်ပင်)
အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ ရွှေပေါက်ကံနေ (ဦးအောင်ကြည်)–ဒေါ်သောင်းရင်တို့၏သား၊တိုက် ၂၆/၉၊ ဦးဝိစာရရိပ်သာနေ ဦးသောင်းဝင်းဦး–ဒေါ်စောမမတို့၏သားသမက်၊ ဒေါ်စန္ဒာနွယ်ဦး(အင်ဂျင်နီယာ)၏ခင်ပွန်း၊ မယဉ်မီသန့်(ခ)မချစ်ပျိုးဦး(အဋ္ဌမတန်း၊ အထက–၁၊ဒဂုံ)၊ မောင်ဟန်မြတ်မင်း(ခ)ဖိုးဖြူလုံး(2nd Class. B,Gate.)တို့၏ဖခင်သည် ၁၁–၉–၂၀၀၄ရက် (စနေနေ့) နံနက် ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃–၉–၂၀၀၄ရက် (တနင်္လာနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (ခခ–၄) ဦးပိုင်(၅၃)မြေကွက်အား ဦးမြင့်ရွှေ မှတ်ပုံတင်အမှတ် ၁/မကန(နိုင်) ၀၇၆၁၀၃၊ အမှုတွဲအမှတ် ၀၉၇၂/၂၀၀၃–၂၀၀၄ဖြင့် ဂရန်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူရှိပါက အထောက်အထား စာရွက်စာတမ်းများနှင့်အတူ ဤဌာနသို့ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးရိုန်စန်းဝင်းနှင့် ကျွန်မ ဒေါ်မိမိအေးတို့၏သား မောင်စိုးသူဟိန်း ၉/မဟမ(နိုင်)၀၁၆၇၈၈သည် ၎င်း၏သဘောဆန္ဒအတိုင်း ဆောင်ရွက်ပြီးနေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာအပ်ပါသည်။ မောင်စိုးသူဟိန်းနှင့်ပတ်သက်သောကိစ္စများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ (မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)

ဦးရိုန်စန်းဝင်း ၉/မနတ(နိုင်)၀၄၆၂၀၆
ဒေါ်မိမိအေး ၉/မနတ(နိုင်)၀၆၁၂၆၆။

ဆရာထွန်း
(လွတ်လပ်ရေးမော်ကွန်းဝင် ပထမဆင့်)
ဖီးကုန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ၊ ၁၉၆၂–၁၉၈၈
မြန်မာသမားတော်
အသက်(၁၀၄)နှစ်

ရခိုင်ပြည်နယ်၊ရမ်းဗြဲမြို့၊လေးတောင်၊ ကျောက်တွေရွာနေ (ဦးစိန်ချွန်း–ဒေါ်လှပု)တို့၏သား၊ ဖီးကုန်းမြို့၊ ရွာမလမ်းနေ (ဒေါ်တင်မေ)၏ခင်ပွန်း၊ ဒေါ်ရီစန်းမြင့်၊ ဒေါ်တင်တင်ရီ၊ ဒေါ်ခင်အုန်းမြင့်–(တပ်ကြပ်ရဲမြင့်)တို့၏ဖခင်၊ (ဒေါ်စိန်မြဦး–ဦးစိန်လှအောင်)၊ (ဒေါ်စိန်လှမေ)၊ (ဒေါ်စိန်လှဝင်း)၊ (ဦးမြစစ်)၊ (ဦးချက်မောင်း)၊ (ဦးသန်း)တို့၏ညီ/အစ်ကို၊ ဒုတိယဗိုလ်မှူးကြီးကျော်ခင်၊ ဦးထွန်းအောင်၊ ဒေါ်ဝင်းနု၊ ဒေါ်ဝင်းအောင်၊ ဒေါ်ဝင်းလှ၊ ဒေါ်ဝင်းမြိုင်တို့၏ဘကြီး၊ ဦးအောင်သာဖ၊ ဦးထွန်းထွန်းတို့၏ဦးလေး၊ မြေး ၂၈ ယောက်တို့၏အဘိုးသည် ၁၀–၉–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂–၉–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ဖီးကုန်းမြို့သုသာန်၌ဂူသွင်းသဂြိုဟ်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ရီ
အသက်(၈၄)နှစ်

ပျဉ်းမနားမြို့နေ (ဦးဘမှန်–ဒေါ်ဝင်း)တို့၏သမီး၊ ရမည်းသင်းမြို့နေ (ဦးအုန်းမြင့်–ဒေါ်အေးတင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ၁၅လမ်း၊ အမှတ် ၄၂၇နေ ဦးစိုးဝင်း(ပြန်ကြားရေးဝန်ကြီးဌာန၊ငြိမ်း)၏ဇနီး၊ ဒေါ်ခင်အေးဝင်း၊ ဦးအောင်ကြီး–ဒေါ်ဌေးဌေးရီ၊ ဦးစိုးအောင်–ဒေါ်ခင်သူအုန်း၊ ဦးကျော်စိုးတို့၏မိခင်သည် ၈–၉–၂၀၀၄ရက် ညနေ ၅း၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂–၉–၂၀၀၄ရက် (တနင်္ဂနွေနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်းဒါယကာကြီး တောင်ကိုးလုံးအတွင်းတောင်
ဦးမျိုးရွှေ
အိုးအိမ်ဦးစီးဌာန(ငြိမ်း)
အသက်(၇၆)နှစ်

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ် ၆၇၂၊ သုမာလာ ၁၇ လမ်း၊ (၂)ရပ်ကွက်နေ [ဦးဘတင်–ဒေါ်သိန်းတင်(အလုံ)]တို့၏သား၊ (ဒေါ်ကြူကြူ)၏ခင်ပွန်း၊ ဒေါ်လှမြိုင်၊ ဒေါ်သိန်းလှိုင်၊ ဒေါ်သိန်းမြိုင်၊ (ဦးခင်မောင်အေး)–ဒေါ်ထားထား၊ ဦးမျိုးငွေ–ဒေါ်ခင်တင့်၊ ဦးတင်ရွှေ–ဒေါ်ဌေးဌေးတို့၏မောင်/အစ်ကို၊ ကိုခင်မောင်ဝင်း–မဖြူဖြူဝင်းတို့၏ဦးလေး၊ တူ တူမ ၁၀ ယောက်တို့၏ ဘကြီးသည် ၁၁–၉–၂၀၀၄ရက်(စနေနေ့)နံနက် ၁း၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၃–၉–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (မြောက်ဥက္ကလာပ နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကိုသိန်းနိုင်အောင်
B.E (Electronic)
မန္တလေးနည်းပညာတက္ကသိုလ်
အသက်(၂၈)နှစ်

မန္တလေးမြို့၊ အိမ်အမှတ် (တ ၄/၈၃+၈၄)၊ ၆၂ လမ်းနှင့် ၎ပြာလမ်းထောင့်နေ Dr.ဦးစောဌေး–ဒေါ်စိန်ရီ(ဝင်းမြတ်သူ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)တို့၏သား၊ Dr.ဦးနေမင်းနိုင်(လ/ထ ဆရာဝန်၊ ဖဲပြည်သူ့ဆေးရုံ)–Dr.မအေးမင်းသန်း(ရောဂါဗေဒဌာန၊ မကွေး ဆေးတက္ကသိုလ်)တို့၏ညီ၊ မသိန်းသန်းနိုင် (2nd Years, Maths)၊ မမြင့်မြင့်စိုး (B.Sc, Phys)တို့၏မောင်၊ မသန်းသန်းဟိန်း(B.C. Sc,M.C.Sc)၊ မခင်သန့်ငြိမ်း(B. com)၊ မအိရွှေစင်(3rd Years,Law)၊ ကိုသိန်းနိုင်ဌေး (1st, MB၊ မန္တလေးဆေးတက္ကသိုလ်)တို့၏ အစ်ကိုသည် ၂၁–၈–၂၀၀၄ရက် ည ၁၀း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂–၈–၂၀၀၄ရက် မွန်းလွဲ ၂း၃၀ နာရီတွင် တောင်မြင့်သုသာန်တွင် သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးတင်မြင့်(ခ)ဦးငွေလျှံ
(လှကြေးမုံဓာတ်ပုံတိုက်)
အသက်(၇၇)နှစ်

ရန်ကုန်တိုင်း၊ကျောက်တံတားမြို့နယ်၊ ၃၉လမ်း၊ အမှတ် ၂၀၇(ပထပ်၊ ယာ)နေ (ဦးကြည့်ဝမ်–ဒေါ်ကျန်)တို့၏သားကြီး၊ ဒေါ်ကျင်ဟို၏ခင်ပွန်း၊မသန်းသန်းဝင်း–ကိုခင်ဇော်၊ မယဉ်ယဉ်မြ၊ မမြမြသန်း၊ မစန်းစန်းမြင့်၊ ကိုတင်မောင်ဆွေ–ယဲ့ယုံရှု၊ မမြမြဝင်းတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၀–၉–၂၀၀၄ရက် (သောကြာနေ့) ညနေ ၄း၄၀ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၁၂–၉–၂၀၀၄ရက် နံနက် ၁၁နာရီတွင်ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (၃၉လမ်း နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဌေးလွင်
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ လမ်းသစ် ၂ လမ်း၊ အမှတ် ၇ နေ (ဦးဘစိန်–ဒေါ်ရွှေဖြန့်)တို့၏သား၊ ဒေါ်မြင့်မြင့်၏ခင်ပွန်း၊ ဦးမောင်ကို – မမြင့်မြင့်လွင် (ဒေါပုံ၊ စည်ပင်)၊ မညိုညိုလွင်(ဒေါပုံ၊ စည်ပင်)၊ ဦးအောင်ဇော်မင်း – မသက်သက်လွင် (သတင်းတပ်ဖွဲ့)၊ ဗိုလ်မှူးဇော်ရန်နိုင်–မနွယ်နွယ်လွင် (Exotissimo Travel)၊ မခင်ဆွေလွင်(စည်ပင်၊ယာ/အုံ)၊ ကိုရဲနန္ဒလွင်(ဒဂုံတောင်တရားရုံး)–မသင်းသင်းဆွေတို့၏ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၁၀–၉–၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၂–၉–၂၀၀၄ရက် (တနင်္ဂနွေနေ့)ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်စုစုဝင်း (ပျဉ်းမနား)
အသက်(၆၄)နှစ်

ပျဉ်းမနားမြို့၊ ရွာတော်ကျေးရွာနေ (ဦးအောင်မြင့်)၏ဇနီး၊ ဦးခင်မောင်မြင့်–ဒေါ်အုန်းမြင့်၊ ဦးကျော်မိုးဇော်–ဒေါ်မိုးသူသူ၊ ဦးကျော်မြင့်–ဒေါ်ခင်စန်းဝင်း၊ ဦးအောင်သိန်း – ဒေါ်သောင်းဝင်းတို့၏မိခင်၊ မောင်အေးမင်း၊ မတင်ဇာဝင်း၊ မောင်ဖိုးဇော်၊ မောင်သီဟ၊မပိုင်နန္ဒဇော်၊ မသွယ်ဇာအောင်၊ မောင်ရန်နိုင်တို့၏အဘွားသည် ၁၉–၈–၂၀၀၄ရက်တွင် မန္တလေးမြို့၌ ကွယ်လွန်သွားပါသဖြင့် ပျဉ်းမနားမြို့ ရွာတော်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်းကျောင်းဒါယကာကြီး
ဦးနီ (စား/ထွေ၊ငြိမ်း)
(ပျဉ်ပုံကြီး)
အသက်(၆၂)နှစ်

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၁)ရပ်ကွက်၊ အမှတ် ၄၂၉၊ စကားဝါလမ်းနေ (ဦးဘသိန်း–ဒေါ်အေးရင်)တို့၏သား၊ ဒေါ်သန်းမြင့်၏ ခင်ပွန်း၊ ဒေါ်လှရီ၊ ဦးကြည်မြင့်–ဒေါ်စန်းမြင့်တို့၏အစ်ကို၊ ဦးမိုးကျော်အောင်–ဒေါ်ဝင်းရီစိုး၊ မောင်မောင်လွင်၊ မကြည်ကြည်အေးတို့၏ဖခင်၊ မယုံအေး၏အဘိုးသည် ၁၀–၉–၂၀၀၄ရက် ည ၈ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၂–၉–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးငွေသိန်း(ခ)ဦးမဲ
(ကားဘော်ဒီရုံ)
အသက်(၅၆)နှစ်

ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ ကော့ဒွတ်ကျေးရွာနေ (ဦးအောင်ဒင်–ဒေါ်သိန်းညွန့်)တို့၏သား၊ ဦးကြည်–(ဒေါ်သန်းစိန်)တို့၏သားသမက်၊ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ၈/တောင်ရပ်ကွက်၊ ဝေဇယန္တာလမ်း၊အမှတ် ၃၉၃ နေ ဒေါ်မြင့်ကြည်၏ခင်ပွန်း၊ မောင်ဌေးလွင်၊ မမြင့်မြင့်အေး၊ မောင်မျိုးမြင့်အောင်တို့၏ဖခင်သည် ၁၁–၉–၂၀၀၄ရက် (စနေနေ့) နံနက် ၂း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃–၉–၂၀၀၄ရက် (တနင်္လာနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးမြိုင်
(တောင်ချောင်းဆုံရွာ၊တန့်ဆည်)
တန့်ဆည်မြို့နယ်
ရာသက်ပန်အသင်းဝင်
အသက်(၇၀)

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ အမှတ် ၃၃၆၊ ရွှေနှင်းဆီ ၆ လမ်းနေ (ဦးဖိုးဝယ်–ဒေါ်ပု)တို့၏သား၊ ဦးကျော်ဇင်–ဒေါ်ဌေးဌေးဝင်း၊ ဦးဇော်ကြီး–ဒေါ်တင်မာသန်း၊ (ကိုထွန်းထွန်းလွင်)၊ (ကိုထွန်းထွန်းနိုင်)–မချိုချိုသန်း၊ ကိုကျော်ဟန်–မဌေးဌေးလတ်၊ ကိုသန်းနိုင်–မကြည်ကြည်မြင့်တို့၏ဖခင်၊ ဒေါ်ငြိမ်း၏ခင်ပွန်း၊ မြေးကိုးယောက်တို့၏အဘိုးသည် ၈–၉–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁း၃၀နာရီတွင် သဃ်န်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂–၉–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပွဲစားကြီး ဦးကျော်ဟိန်း
အသက်(၆၆)နှစ်

မန္တလေးမြို့၊သဘော်တန်းရပ်၊အမှတ် ၃၄ နေ (ဦးဘလွင်–ဒေါ်အုန်းလှိုင်)တို့၏သား၊ (ဒေါ်စိန်လွင်)၏ခင်ပွန်း၊ ရန်ကုန်မြို့၊ ဦးမြတ်ကိုကို–ဒေါ်နီနီမော်တို့၏ညီ၊ မန္တလေးမြို့၊ ၂၅ လမ်း၊ ၈၉ X ၉၀ လမ်းကြားနေ ဦးအောင်ကျော်–ဒေါ်ခင်ခင်၊ ရန်ကုန်မြို့ ဦးထွန်းနေမျိုး(စုံစမ်းရေးမှူး၊စစစ)–ဒေါ်ဌေးဌေးလွင်၊ မန္တလေးမြို့နေ မဌေးဌေးစိန်၊ မောင်ထွန်းအောင်ကျော်–မစန္ဒာမဝါဝါခင်၊ မောင်စိုးလှိုင်–မဝါဝါလွင်၊ မောင်အောင်နိုင်ထွန်း–မမော်မော်လွင်၊မသင်းသင်းကျော်၊ မောင်အောင်အောင်၊ မသန္တာကျော်တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၉–၉–၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၄း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ကြာနီကန်သုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ဌေးကြည် (ဝါးခယ်မ)
အသက်(၅၈)နှစ်

ဝါးခယ်မမြို့ (ဦးချစ်ဖေ–ဒေါ်အေးတင့်)တို့၏သမီး၊ (ဦးခွေးနီ)–ဒေါ်ပွားတို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ် ၈၁ (မြေညီထပ်)နေ (ဦးမင်းထွန်း)၏ဇနီး၊ ဦးတင်ဝင်း (ဗိုလ်ကြီး၊ ငြိမ်း)–ဒေါ်လှိုင်လှိုင်ယဉ်တို့၏ညီမ၊ မယမင်းထွန်း(ခ)မင်းမင်း၊ ကိုမျိုးသက်အောင်၊ (မအိဖြူမင်းထွန်း)၊ မောင်လင်းမင်းထွန်း၊မောင်သုခမင်းထွန်းတို့၏မိခင်သည်၁၀–၉–၂၀၀၄ရက်(သောကြာနေ့) နံနက် ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂–၉–၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကိုကိုဦး(ခ)ကိုဦး
B.Sc (Zoology)
အသက်(၃၉)နှစ်

ထောက်ကြန့်မြို့၊တိလောကရပ်ကွက်၊ မိတ္တလမ်း၊ အမှတ် ၄၂ နေ ဦးမြင့်ကို–ဒေါ်ခင်မြိုင်တို့၏သား၊ ဦးမောင်ကို (ခရိုင်ဦးစီးမှူး၊ ပြန်/ဆက်၊ ရမည်းသင်းမြို့)–ဒေါ်နီနီ၊ ဒုတိယဗိုလ်မှူးကြီး မြင့်ကျော်–ဒေါ်ခင်မြင့်ရီ (အထက–၃၊ ထောက်ကြန့်)၊ ဗိုလ်မှူးချစ်ငွေ–ဒေါ်ခင်မြင့်သီ (အထက– ၃၊ ထောက်ကြန့်)၊ ဗိုလ်ကြီးထွန်းထွန်းဦး(ငြိမ်း)–ဒေါ်ခင်ခင်လေး (အလက၊ အင်းလေး)၊ [မခင်မြင့်ကြည်(ခ)မဖြူ]တို့၏ ညီ/မောင်၊ ဗိုလ်ကြီးခင်မောင်ဝင်း – ဒေါ်ခင်နှင်းဆီ (MWDC)တို့၏အစ်ကို၊ မောင်နိုင်လင်းကို၊မခင်သီတာကို၊မသူဇာလင်းကို၊ မောင်ထွန်းလင်းကို၊ မောင်ချစ်ရဲမင်းထွဋ်၊ မောင်ဟိန်းထက်ကျော်၊ မငြိမ်းယမုံထွန်း၊ မသိမ့်စန္ဒီထွန်းတို့၏ဦးလေးသည် ၈–၉–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀–၉–၂၀၀၄ရက်(သောကြာနေ့)တွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းအကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

နိုင်ငံတော်ဝန်ကြီးချုပ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ရေးစီမံကိန်းလုပ်ငန်းခွင် ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ရေးစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ အေးရှားဝေါလ်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်က လေယာဉ်ရပ်နားရန်နေရာ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ မြေနေရာရှင်းလင်းခြင်း၊ မြေသားလုပ်ငန်း၊ မြေပေါ်ရေမြောင်းနှင့် မြေအောက်ရေမြောင်းများ ဖောက်လုပ်ပြီးစီးမှု အပါအဝင် လေယာဉ်ရပ်နားရန်နေရာ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးနေမှုအခြေအနေ၊ လေဆိပ်အဆောက်အအုံတိုးချဲ့တည်ဆောက်ရေးအတွက် ဘိုးပိုင်ရိုက်ခြင်းလုပ်ငန်း၊ Basement Slab နှင့် Ground Floor Slab ကွန်ကရစ်လောင်းခြင်းလုပ်ငန်း၊

စာမျက်နှာ ၈ ကော်လံ ၁ ✡

ပါရမီခုံးကျော်တံတား မကြာမီဖွင့်လှစ်တော့မည်

- ❐ ပါရမီခုံးကျော်တံတားမှာ ကမ္ဘာအေးဘုရားလမ်းနှင့် ဝေဇယန္တာလမ်းကြား ပါရမီလမ်းနှင့် မြို့ပတ်ရထားလမ်းဆုံ ကားလမ်းကူးနေရာ၌ တည်ရှိ၊
- ❐ အလျား ၁၁၇၅ ပေနှင့် အကျယ် ၄၈ ပေရှိ လေးလမ်းသွားတံတားအဖြစ် တည်ဆောက်နေ၊
- ❐ တံတား၏ တစ်ဖက်တစ်ချက်၌ လေးပေအကျယ် လူသွားလမ်းပါရှိ၊
- ❐ တံတားအမြင့်မှာ ၁၄ပေ ရှိမည်ဖြစ်ပြီး တည်ဆောက်မှုရာနှုန်းပြည့်ပြီးစီးနေပြီး မကြာမီဖွင့်လှစ်နိုင်တော့မည်။



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ရေးစီမံကိန်းလုပ်ငန်းခွင်တွင် လေဆိပ်အဆောက်အအုံသစ် တိုးချဲ့တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အစည်းအဝေးကျင်းပ

လာမည့်အမျိုးသားညီလာခံအောင်မြင်ရန် တက်ညီလက်ညီဆောင်ရွက်ရေး ကော်မရှင်ဥက္ကဋ္ဌ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မှာကြား

ရန်ကုန် စက်တင်ဘာ ၁၁

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အစည်းအဝေးကို ယနေ့ နံနက်၉နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အစည်းအဝေး အစီအစဉ်များကို အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက ဖတ်ကြားတင်ပြသည်။

ကြီးကြပ်ဆောင်ရွက်

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကား ပြောကြားရာတွင် ကျင်းပပြီးစီးသွားသော အမျိုးသားညီလာခံ၏ ဆောင်ရွက်ချက်များအပေါ် ကော်မရှင်အနေဖြင့်လည်းကောင်း၊ လုပ်ငန်းကော်မတီအနေဖြင့်လည်းကောင်း၊ သဘာပတိအဖွဲ့အနေဖြင့်လည်းကောင်း ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စများကို ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ ဆက်လက်ကျင်းပမည့် အမျိုးသားညီလာခံအတွက်

စာမျက်နှာ ၁၂ ကော်လံ ၁ ✻

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး ✻ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး ✻ နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး ✻ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကမ္ဘာတစ်လွှားထူးထူးခြားခြား

လူသားမျှော်စင်

လူသားမျှော်စင်တည်ဆောက်ခြင်းသည် စပိန်နိုင်ငံ ဘာစီလိုနာမြို့အနီးရှိ ဗီလာဖရန်ကာဒယ် လ်ပီနီဒက်စ်ကျေးရွာတွင် နှစ်စဉ် ဩဂုတ်လ၌ကျင်းပသော ရိုးရာပွဲတော်တစ်ခုဖြစ်သည်။ (ဝဲပုံ) ထိုလူသားမျှော်စင်တည်ဆောက်ရန်အတွက် လူ ၁၀၀ နှင့် ၂၀၀ ကြား လိုအပ်သည်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ဆွဲငင်အားသုည

မော်စကိုမြို့ပြင်တွင်ရှိသော စတားစီးတီး၌ အာကာသယာဉ်မှူးများလေ့ကျင့်ရေးသင်တန်းသို့ ဂျာမနီ၊ နယ်သာလန်၊ အမေရိကန်ပြည်ထောင်စုနှင့် နယူးဇီလန်နိုင်ငံတို့မှ ကမ္ဘာလှည့်ခရီးသည်များ ဩဂုတ်၃၀ ရက်က လာရောက်လေ့လာကြရာ ကမ္ဘာ့ဆွဲငင်အားသုည၏ အကျိုးသက်ရောက်မှု အတွေ့အကြုံရရှိရန် ကမ္ဘာလှည့်ခရီးသည်တစ်ဦးအား ရုရှားကျွမ်းကျင်ပညာရှင်တစ်ဦးက အကူအညီပေးခဲ့သည်။ (ယာပုံ)

(ဓာတ်ပုံ-အင်တာနက်)